# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက် | ၂၀၂၆ ခုနှစ်၊ မေ ၂၅ ရက်၊ တနင်္လာနေ့ | အတွဲ (၆၅)၊ အမှတ်( ၂၃၂)



နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့

ကျောင်းအပ်နှံရေးသီတင်းပတ်

(၂၅-၅-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့ထိ)

❖ ၅ နှစ်အရွယ်ကလေးများကို သူငယ်တန်း(KG)သို့ အပ်နှံရန်။ ❖ ၆ နှစ်အရွယ်ကလေးများကို ပထမတန်း(Grade 1) သို့ အပ်နှံရန်။


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်မှုအခြေအနေများ ကြည့်ရှုစစ်ဆေး

### ဥစားကြက်မွေးမြူခြင်းသည် စားရေရိက္ခာပေါများစေခြင်းနှင့် ဈေးနှုန်းသက်သာစွာဖြင့် အာဟာရပြည့်မီစွာ စားသုံးနိုင်စေခြင်းတို့ကို အထောက်အကူဖြစ်စေ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမှတ်(၁) ကံကြီးမွေးမြူရေးဇုန်ရှိ ကြက်မွေးမြူရေးခြံ၌ အသားတိုးကြက်နှင့် ဥစားကြက် မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် မေ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဒုတိယသမ္မတ ဦးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမင်းနောင်၊ ဦးထိန်လင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မွေးမြူရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**ရွှေမြို့ မွေးမြူရေးဇုန်**

ဦးစွာ နေပြည်တော်ကောင်စီနယ်မြေ ရွှေမြို့ မွေးမြူရေးဇုန်အတွင်းရှိ Sunlight Venture Co., Ltd. ၏ ဆိတ်မွေးမြူရေးခြံသို့ ရောက်ရှိစစ်ဆေးရာ


*စာမျက်နှာ ၃ ကော်လံ ၁* ❑



**ယနေ့ ဇတ်စရာ**

**တရားဥပဒေစိုးမိုးရေးအထောက်အကူပြု စံနမူနာရှေ့ပြေးဥပဒေရုံး**
ဆောင်းပါး စာ ၆

..............

**အီဘိုလာဗိုင်းရပ်စ်နှင့် ကမ္ဘာ့ကျန်းမာရေးလုံခြုံမှု**
ဆောင်းပါး စာ ၁၀


**အမြင့်ဆုံး နေ့အပူချိန်များ (၂၄ - ၅ - ၂၀၂၆)**

| | | |
|---|---|---|
| ချောက်မြို့ | ၄၁ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| ရေဦးမြို့ | ၄၀ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦးမြို့ | ၃၉ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူမြို့ | ၃၉ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမြူမြို့ | ၃၉ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |

**ယနေ့ မိုးလေဝသ ( ၂၅-၅-၂၀၂၆ )**

**နေပြည်တော်**
နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**ရန်ကုန်**
မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေး**
နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

မေ ၂၆ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။ မိုး/ဇလ

# မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်စေခြင်းသည် အသား၊ ငါးများနှင့် ဥအမျိုးမျိုးတို့အား ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်စေရန်၊ စားရေရိက္ခာဖူလုံပေါများစေရန် ရည်ရွယ်ခြင်းဖြစ်ပြီး လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်သွားကြရန်လို






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရွှေမြို့မွေးမြူရေးဇုန်ရှိ နယ်မြေခံတပ်ရင်း ဝက်မွေးမြူရေးခြံ၌ အကောင်အထည်ဖော်ဆောင်ရွက်ထားမှုများအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားစဉ်။

❑ *ရွှေ့ဖုံးမှ*

လုပ်ငန်းရှင် ဦးမြတ်မင်းလတ်က လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ အစာကျွေးမွေးမှုစနစ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စနစ်ကျနသည့် မွေးမြူရေးစနစ်ဖြစ်စေရေး ကနဦးဆောင်ရွက်သွားရန်လိုပြီး ထိုမှတစ်ဆင့် ခေတ်မီမွေးမြူရေးစနစ်သို့ သွားရမည်ဖြစ်ကြောင်း၊ အစာစနစ်၊ ရေစနစ်များကိုလည်း စတင်မွေးမြူစဉ်ကတည်းကပင် စနစ်တကျဖြစ်ရန်လိုပြီး ဇီဝလုံခြုံမှုအတွက်လည်း စီမံဆောင်ရွက်သွားရန်လိုကြောင်း၊ သတ်မှတ်ထားသည့်ကောင်ရေပြည့်မီရေး၊ အသားထုတ်လုပ်မှုစနစ်တကျဖြစ်စေရေး စီမံဆောင်ရွက်သွားရန်နှင့် အသားထုတ်လုပ်မှုအပြင် ဆိတ်သားရေကိုလည်း ဈေးကွက်သို့ ဖြန့်ဖြူးသွားနိုင်ကြောင်း၊ မိမိတို့အား ခွင့်ပြုပေးထားသည့် မြေဧရိယာအတွင်း ဆိတ်အစာ နေဗီယာမြက်များအပြင် ဆီးပင်များကိုလည်းထည့်သွင်းစိုက်ပျိုး၍ ဆီးသီးခြောက်ဖတ်များကို ကျွေးမွေးနိုင်မည်ဖြစ်ကြောင်း၊ ဆိတ်အစာမြက် စိုက်ပျိုးရာ၌ စဉ်ဆက်မပြတ်သည့် စိုက်ပျိုးထုတ်လုပ်မှုစနစ်ဖြစ်စေရေးအတွက်လည်း စနစ်တကျတွက်ချက်စိုက်ပျိုးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် ရွှေမြို့မွေးမြူရေးဇုန်အတွင်းရှိ နယ်မြေခံတပ်ရင်း၊ ဝက်မွေးမြူရေးခြံသို့ ရောက်ရှိစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှု၊ အသားတိုးဝက်များ ဖြန့်ဖြူးရောင်းချခဲ့မှု၊ ထွက်ရှိလာသည့် ဝက်များအား ပြင်ပဈေးနှုန်းထက် သက်သာသောနှုန်းထားဖြင့် တိုင်းစစ်ဌာနချုပ်များ အသီးသီးသို့ ရိက္ခာစို၊ အသားခြောက်၊ အသင့်စား ဝက်သားဟင်းထုပ် စသည့်နည်းလမ်းများဖြင့် ဖြန့်ဖြူးပေးလျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ဝက်မျိုးများအား ပြည်ပမှ တင်သွင်းမွေးမြူခြင်းထက် မိမိကိုယ်တိုင် မျိုးထုတ်၍ တိုးချဲ့မွေးမြူသွားရန်လိုကြောင်း၊ စတင်မွေးမြူသည်မှစ၍ အသားထုတ်လုပ်သည်အထိ စနစ်တကျဖြစ်ရန်လိုပြီး သတ်မှတ်ထားသည့်နှုန်းထားအတိုင်း အစာကျွေးမွေးမှုရှိရန်နှင့် သတ်မှတ်ကာလအတွင်း အသားထုတ်လုပ်သွားနိုင်ရန်လိုကြောင်း၊ အောင်မြင်ပြီးဖြစ်သည့် ဝက်မွေးမြူရေးလုပ်ငန်းများ၏ လုပ်ငန်းစနစ်များကိုလည်း လေ့လာ၍ သုတေသနပြုဆောင်ရွက်သွားကြရန်လိုကြောင်း၊ မျိုးထုတ်လုပ်မှုစနစ်၊ မွေးမြူမှုစနစ်၊ အစာကျွေးမွေးမှုစနစ်၊ အသားထုတ်လုပ်မှုစနစ်တို့ကို စနစ်တကျဖြင့် စီမံချက်ရေးဆွဲဆောင်ရွက်သွားရန်လိုပြီး စဉ်ဆက်မပြတ်သည့် မွေးမြူထုတ်လုပ်မှုစနစ်ဖြစ်စေရေး စနစ်တကျ စီမံဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုထက်တိုးချဲ့မွေးမြူနိုင်ရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**အမှတ်(၁) ကံကြီးမွေးမြူရေးဇုန်**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တပ်ကုန်းမြို့နယ် အမှတ်(၁) ကံကြီးမွေးမြူရေးဇုန်အတွင်းရှိ ဦးတွမ်ခင်ဝင်း၏ ဖန်ဟွန်နို့စားနွားမွေးမြူရေးခြံသို့ရောက်ရှိကြရာ လုပ်ငန်းရှင်ဦးတွမ်ခင်ဝင်းက နို့စားနွားနှင့် နွားသားပေါက် မွေးမြူထားရှိမှု၊ ဒေသထွက်ကုန်ကြမ်းများအသုံးပြု၍ တိရစ္ဆာန်အစာထုတ်လုပ်ကျွေးမွေးမှု၊ နို့ချက်စက်ရုံနှင့် ဒိန်ချဉ်စက်ရုံ လည်ပတ်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက နို့စားနွားမွေးမြူခြင်းပုံစံနှင့် ပတ်သက်၍ ပြည်ပနိုင်ငံများမှ မွေးမြူခြင်းပုံစံများကိုလည်း လေ့လာသွားကြရန်လိုပြီး အစာရေစာကျွေးမွေးမှုစနစ်၊ အညစ်အကြေးသိမ်းဆည်းမှုစနစ်များကိုလည်း လေ့လာဆောင်ရွက်သွားရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် အညစ်အကြေးများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးနှင့် လျှပ်စစ်ဓာတ်အားခသက်သာစေရေးအတွက် အညစ်အကြေးအား ပြန်လည်သိုလှောင်၍ ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်မီးထုတ်လုပ်သုံးစွဲမှုစနစ် (Biogas Generator System)ကိုလည်း ဆောင်ရွက်၍ရနိုင်ကြောင်း၊ အစာထုတ်လုပ်မှုနှင့်ပတ်သက်၍လည်း နေဗီယာမြက်များ၊ ဒေသတွင်းမှထွက်ရှိသည့်ပြောင်းများကို ရောစပ်အစာပြုလုပ်ခြင်း၊ ချဉ်ဖတ်လုပ်၍ ကျွေးမွေးခြင်းတို့ကို ဆောင်ရွက်နိုင်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ဦးမြတ်စံ၏ ကြက်မွေးမြူရေးခြံသို့ ရောက်ရှိကြပြီး အသားတိုးကြက်နှင့် ဥစားကြက်

*စာမျက်နှာ ၄ သို့*

**“ မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် အညစ်အကြေးများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးနှင့် လျှပ်စစ်ဓာတ်အားခ သက်သာစေရေးအတွက် အညစ်အကြေးအား ပြန်လည်သိုလှောင်၍ ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်မီးထုတ်လုပ်သုံးစွဲမှုစနစ် (Biogas Generator System) ကို ဆောင်ရွက်၍ရနိုင်ပြီး အစာထုတ်လုပ်မှုနှင့်ပတ်သက်၍လည်း နေဗီယာမြက်များ၊ ဒေသတွင်းမှထွက်ရှိသည့်ပြောင်းများကို ရောစပ်အစာပြုလုပ်ခြင်း၊ ချဉ်ဖတ်လုပ်၍ ကျွေးမွေးခြင်းတို့ကို ဆောင်ရွက်နိုင် ”**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရွှေမြို့မွေးမြူရေးဇုန်ရှိ ဆိတ်မွေးမြူရေးခြံ၌ ဆိတ်များမွေးမြူထားမှုနှင့် အစာကျွေးမွေးမှုစနစ်များ ကြည့်ရှုစစ်ဆေးစဉ်။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမှတ်(၁) ကံကြီးမွေးမြူရေးဇုန်ရှိ ဖန်ဟွန်နို့စားနွားမွေးမြူရေးခြံ၌ နို့စားနွားနှင့် နွားသားပေါက်များ မွေးမြူထားရှိမှု ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၃ မှ*

မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးရာ လုပ်ငန်းရှင် ဦးမြတ်စံက လိုက်လံရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက လုပ်ငန်းဆောင်ရွက်မှုများအား အဆင့်ဆင့် အဆင့်မြှင့်တင်သွားရန်လိုပြီး အလိုအလျောက်အစာကျွေး၊ ရေတိုက်၊ ဥသိမ်းဆည်းခြင်းစနစ်တို့ကို ဆောင်ရွက်သွားနိုင်ကြောင်း၊ ဥစားကြက်မွေးမြူခြင်းသည် စားရေရိက္ခာပေါများစေခြင်းနှင့် ဈေးနှုန်းသက်သာစွာဖြင့် အာဟာရပြည့်မီစွာ စားသုံးနိုင်စေခြင်းတို့ကို အထောက်အကူဖြစ်စေကြောင်း၊ ကြက်ဥတစ်လုံးစားသုံးခြင်း၏ အစာအာဟာရရရှိမှုသည် ကြက်သား ၅ ကျပ်သား စားသုံးခြင်း၏ အာဟာရနှင့်ညီမျှသည်ဖြစ်ပြီး ကုန်ကျစရိတ်အနေဖြင့်လည်း သုံးပုံတစ်ပုံခန့် သက်သာစေကြောင်း၊ ထို့ကြောင့် လုပ်ငန်းဆောင်ရွက်မှုများကို အောင်မြင်အောင်ဆောင်ရွက်သွားရန်နှင့်တိုးချဲ့ ဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း၊ ကြက်ခြံများအပူရှိန်သက်သာစေရေးအတွက် အမိုးနေရာတွင် အုတ်ကြွပ်များကိုလည်း ပြောင်းလဲအသုံးပြုနိုင်ကြောင်းနှင့် အခြားလိုအပ်သည်များကို အကြံပြုတိုက်တွန်းပြောကြားသည်။

ထို့နောက် ဦးတင်မြိုင်၏ အသားတိုးဝက်ခြံသို့ ရောက်ရှိပြီး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လိုက်လံရှင်းလင်းတင်ပြပြီး နိုင်ငံတော်သမ္မတက သိရှိလိုသည်များနှင့် လိုအပ်သည်များ ပြန်လည်အကြံပြုမှာကြားသည်။

ထို့နောက် ရှင်းလင်းဆောင်ခန်းမတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကံကြီးမွေးမြူရေးဇုန်၊ ရွှေမြို့မွေးမြူရေးဇုန်၊ ပြောင်ခေါင်းကြီး မွေးမြူရေးဇုန်တို့အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ဇုန်အလိုက်မွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ သတ်မှတ်ကောင်ရေပြည့်မီအောင် မွေးမြူနိုင်ရေး၊ ကူးစက်ရောဂါဖြစ်ပွားမှုမရှိစေရေး ကြိုးကြပ်ဆောင်ရွက်လျက်ရှိမှု၊ မေထုန်မဲ့နည်းဖြင့် မျိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမှတ်(၁) ကံကြီးမွေးမြူရေးဇုန်ရှိ ဝက်မွေးမြူရေးခြံ၌ အသားတိုးဝက်များ မွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်စေခြင်းသည် အသား၊ ငါးများနှင့် ဥအမျိုးမျိုးတို့အား ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်စေရန်၊ စားရေရိက္ခာဖူလုံပေါများစေရန် ရည်ရွယ်ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရန် မြေနေရာရယူထားကြသည့် လုပ်ငန်းရှင်များအနေဖြင့်လည်း လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သိပ္ပံနည်းကျခေတ်မီမွေးမြူရေးစနစ်သို့ မလျှောက်လှမ်းနိုင်မီ စနစ်ကျနသည့် မွေးမြူရေးစနစ်ကို ဦးစွာကျင့်သုံးဆောင်ရွက်သွားကြရန် လိုကြောင်း၊ ယခုမွေးမြူရေးလုပ်ငန်းများသည် တိရစ္ဆာန်များအား ခြံများအတွင်း လှောင်၍ မွေးမြူကြသည်ဖြစ်သဖြင့် သန့်ရှင်းသပ်ရပ်သည့် အစာကျွေးမွေးမှုစနစ်၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တို့ကို ဦးစွာ အကောင်အထည်ဖော်ဆောင်ကြရန် လိုကြောင်း။

မွေးမြူရေးစနစ်များတွင် လွှတ်ခြင်း၊ လှန်ခြင်း၊ လှောင်ခြင်းဟူ၍ရှိကြောင်း၊ စားကျက်များအတွင်း လွှတ်၍မွေးမြူခြင်းဖြင့် စရိတ်သက်သာကြောင်း၊ ကြိုးဖြင့်ချည်၍ လှန်ကျောင်းသည့်စနစ်ဖြင့် မွေးမြူခြင်းသည်လည်း အထိုက်အလျောက်အားဖြင့် စရိတ်သက်သာမှုရှိကြောင်း၊ လှောင်၍မွေးမြူခြင်းမှာ စရိတ်ကုန်ကျမှုရှိသော်လည်း စနစ်တကျမွေးမြူမည်ဆိုပါက အောင်မြင်သည့် မွေးမြူရေးလုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယခုကံကြီးမွေးမြူရေးဇုန်၊ ရွှေမြို့မွေးမြူရေးဇုန်၊ ပြောင်ခေါင်းကြီး မွေးမြူရေးဇုန်မြေနေရာများသည် တိရစ္ဆာန်အစာများပေါများစွာ ရရှိနိုင်သည်ဖြစ်သဖြင့် မွေးမြူရေးဇုန်များ သတ်မှတ်မွေးမြူစေခြင်းဖြစ်ပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် အစာရရှိနိုင်မှု၊ ဈေးကွက်ရရှိနိုင်မှုတို့ကို ထည့်သွင်းတွက်ချက်ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးကုန်ကြမ်းများဖြင့် တိရစ္ဆာန်အစာများကို ထုတ်လုပ်ကျွေးမွေးခြင်းနှင့် စားသုံးမှုဖူလုံအောင် မွေးမြူထုတ်လုပ်ပေးနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျှော့ကျစေနိုင်မည်ဖြစ်ကြောင်း။

နို့စားနွားမွေးမြူခြင်းနှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် နို့နှင့်နို့ထွက်ပစ္စည်းများကို နှစ်စဉ်ပြည်ပမှ ပမာဏများစွာတင်သွင်းနေရသဖြင့် နိုင်ငံခြားငွေများစွာ ကုန်ကျသုံးစွဲနေကြရကြောင်း၊ မိမိတို့နိုင်ငံအတွင်း လုံလောက်မှုရှိအောင် ထုတ်လုပ်နိုင်မည်ဆိုပါက တင်သွင်းမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ ဒိန်ချဉ်ကိုသာ ထုတ်လုပ်နေကြသည်ကို တွေ့မြင်ရပြီး အများစုသုံးစွဲကြသည့် နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်တို့ကို အလုံအလောက်ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ အာဟာရပြည့်မီစွာနှင့် ဈေးနှုန်းသက်သာစွာ စားသုံးနိုင်ရေးအတွက် နို့နှင့် ကြက်ဥတို့ကို အပြည့်အဝရရှိအောင် ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေနှင့် နိုင်ငံတော်အတွက် အထောက်အကူဖြစ်စေသည့် လုပ်ငန်းရပ်များဖြစ်သဖြင့် အောင်မြင်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သည်ဖြစ်စေ၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်သည်ဖြစ်စေ မျိုး၊ မြေ၊ ရေ၊ နည်း တည်းဟူသော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးခြင်း၊ မွေးမြူခြင်း၊ မြေကို စနစ်တကျပြုပြင်စိုက်ပျိုးသကဲ့သို့ စနစ်ကျသည့် မွေးမြူရေးစနစ်ဖြစ်အောင်ဆောင်ရွက်ခြင်း၊ ရေအပြည့်အဝရရှိအောင် ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်၊ မွေးနည်းစနစ်များ ကောင်းမွန်စေခြင်းတို့ဖြင့် လုပ်ငန်းများ အောင်မြင်စေမည်ဖြစ်ကြောင်း၊ မွေးမြူရေးဇုန်များအတွင်း ကုန်ထုတ်လမ်းများ ကောင်းမွန်မှုရှိစေရေး စီစဉ်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ မွေးမြူရေးဇုန်များအလိုက်၊ လုပ်ငန်းရပ်များအလိုက် ခြံစည်းရိုးစနစ်တကျကာရံခြင်း၊ ချုံနွယ်များ ရှင်းလင်းခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းများကိုလည်း စနစ်တကျဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြစ်ကြီးနားမြို့၌ ၂၀၂၆ -၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ သီတင်းပတ်အထိမ်းအမှတ် အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူ

**မြစ်ကြီးနား မေ ၂၄**

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ သီတင်းပတ်အထိမ်းအမှတ် အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မြစ်ကြီးနားမြို့ ဆမားလမ်းရှိ ကျောက်စိမ်းတုံးမီးပွိုင့် အထက (၁) ကျောင်းဘေး၌ ကျင်းပရာ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ဌာနဆိုင်ရာများ၊ သင်ကြားရေးဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မြေစိုက်ပိုစတာဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကာ ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**




ပညာ မြင့်မှ လူမျိုး တင့်မည်



## မုံရွာမြို့၌ ၂၀၂၆ -၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ်အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူ

**မုံရွာ မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ်အထိမ်းအမှတ် မြေစိုက်ပိုစတာ စိုက်ထူခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ရှိ ပြည်ထောင်စုလမ်းနှင့် ကျောက္ကာလမ်းဆုံမီးပွိုင့်၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးနှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ကျောင်းအပ်နှံရေး သီတင်းပတ်အထိမ်းအမှတ် မြေစိုက်ပိုစတာကို ဖွင့်လှစ်ပေးကြပြီး အခမ်းအနားတွင် ပါဝင်ဖျော်ဖြေခဲ့သည့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားပြီး အစည်းအဝေး တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြမှုများအပေါ် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

✲ *ကျောဖုံးမှ*

မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရေပန်းရင်ပြင်တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ယခုနှစ်တွင် ယခင်နှစ်များကဲ့သို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပရိဝုဏ်တွင် အောင်မြင်ပြည့်စုံစွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယခု ၂၀၂၆ ခုနှစ် ယောဂနေ့ အစီအစဉ်၏ဆောင်ပုဒ်မှာ"ကျန်းမာသုခ၊ ဉာဏ်ပညာနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ယောဂ" (Yoga for Wellness, Wisdom, and World Peace) ဖြစ်ကြောင်း သိရှိရပြီး စစ်မှန်သော ကျန်းမာသုခ၏ အဓိပ္ပာယ်မှာ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုသာမက စိတ်ကြည်လင်ရှင်းလင်းမှု၊ ကရုဏာစိတ်ထားဆောင်သော အပြုအမူများနှင့် လူအချင်းချင်းနှင့် နိုင်ငံများအကြား ငြိမ်းချမ်းသောဆက်ဆံရေးရှိမှုတို့လည်း အပါအဝင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ အပြည်ပြည်ဆိုင်ရာ ယောဂနေ့ကို ယခုကဲ့သို့ နှစ်စဉ်ဆက်လက် ကျင်းပလာနိုင်ခြင်းသည် မိမိတို့နှစ်နိုင်ငံအကြား ပိုမိုရင်းနှီးနွေးထွေးသောဆက်ဆံရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အပြန်အလှန်နားလည်တန်ဖိုးထားမှု တိုးတက်လာခြင်းကို ဖော်ပြနေခြင်းပင်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် တက်ရောက်လာကြသူများက အိန္ဒိယနိုင်ငံသံရုံး ဆွာမိဗီဗီခနန္ဒ ယဉ်ကျေးမှုစင်တာမှ ယောဂနည်းပြနှင့်အတူ ယောဂသရုပ်ပြစုပေါင်းလေ့ကျင့်ခြင်းကို ဆောင်ရွက်ကြပြီး ဆွာမိဗီဗီခနန္ဒ ယဉ်ကျေးမှုစင်တာမှ ညွှန်ကြားရေးမှူးက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့က အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်းကပ်လှူပူဇော် ဖူးမြော်ကြည်ညို၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ (၁၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့အထိမ်းအမှတ် ယောဂသရုပ်ပြ စုပေါင်းလေ့ကျင့်ခြင်းအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း သတ်မှတ်နေရာ၌ ကံ့ကော်ပင်ကို အတူတကွ စိုက်ပျိုးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရွှေဦး ဝဥစားသောက်ကုန်လုပ်ငန်းနှင့် MSME လုပ်ငန်းများအတွက် အောင်မြင်ရေး အလေ့အကျင့်ကောင်းများကို လက်တွေ့အသုံးချနိုင်ရေး သင်တန်းဖွင့်လှစ်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၄**

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့တွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဥတ္တရသီရိမြို့နယ် ငန်းစပ်ကျေးရွာရှိ ရွှေဦး ဝဥစားသောက်ကုန်လုပ်ငန်း၏ ဝဥမှ အချိုရည်၊ ဝဥဂျယ်လီ၊ ဝဥခေါက်ဆွဲခြောက်များ ထုတ်လုပ်မှု လုပ်ငန်းစဉ် အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းဖြစ်၍ ကောင်းမွန်သည့် ထုတ်လုပ်မှုကျင့်စဉ် (GMP) လမ်းညွှန်ချက်များနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်နေသည့် ပညာရှင်များနှင့် MSME လုပ်ငန်းရှင်များကို ချိတ်ဆက်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရုံးအမှတ်(၃၀)တွင် ဖွင့်လှစ်လျက်ရှိသည့် MSME လုပ်ငန်းများအတွက် အောင်မြင်ရေး အလေ့အကျင့်ကောင်းများကို လက်တွေ့အသုံးချနိုင်ရေး သင်တန်းဖွင့်လှစ်နေမှု၊ ဥတ္တရသီရိမြို့နယ်ရှိ Mr. Bamboo အဆင့်မြင့် တစ်ခါသုံး ဝါးတူစက်ရုံ၌ ဝါးတူများ ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် မကွေးမြို့ အမှတ်(၁)အခြေခံပညာ ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**မကွေး မေ ၂၄**

မကွေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ၌ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ဝန်ကြီးများသည် မကွေးမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ကြည့်ရှု အားပေးပြီး အချိုရည်၊ မုန့်နှင့် သောက်ရေသန့်များ ဝေငှပေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် မကွေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် မေ ၂၅ ရက်မှ ၃၁ရက်အထိ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ကျောင်းအပ်လက်ခံဆောင်ရွက်ရန် ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း**

(ပြန်/ဆက်)

## ရန်ကုန်စီးပွားရေးတက္ကသိုလ်ဖွံ့ဖြိုးတိုးတက်မှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၄**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်စီးပွားရေး တက္ကသိုလ်(ရွာသာကြီးနယ်မြေ) ဥပမိရုပ် ကောင်းမွန်ရေးနှင့် တက္ကသိုလ်မုခ်ဦး၊ ရေကန်များနှင့် မြေယာရှုခင်းများကို ကြည့်ရှုသည်။

ထို့နောက် ပင်မဆောင် အစည်းအဝေးခန်းမ၌ တက္ကသိုလ်၏ Master Plan နှင့် စာသင်ဆောင်၊ အိပ်ဆောင်လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးပြီး စာသင်ဆောင်၊ စာသင်ခန်း၊ ဘွဲ့နှင်းသဘင်ခန်းမ၊ အိပ်ဆောင်များ တည်ဆောက်ရန် လျာထားသည့် မြေနေရာများနှင့် အပန်းဖြေရိပ်သာ၊ အားကစားရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ) ပင်မဆောင်ရှိ စာကြည့်တိုက်၊ စာသင်ခန်းများကို ကြည့်ရှုကာ မဟာဘွဲ့ကျမ်းပြုစာမေးပွဲ စစ်ဆေးနေမှုကို အားပေးပြီး ရန်ကုန်စီးပွားရေး တက္ကသိုလ် (လှိုင်နယ်မြေ) ရှိ စာသင်ခန်းများ၊ Theatre များ၏ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ) ပရဝုဏ် အဆင့်မြှင့်တင်နိုင်မည့် အခြေအနေများကို လှည့်လည်စစ်ဆေးကြည့်ရှုခဲ့သည်။ **သတင်းစဉ်**



## ပညာရေးဝန်ကြီးဌာန
## "၂၀၂၆-၂၀၂၇ ပညာသင်နှစ်"
## ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/ လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး/ လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းသား ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့်ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သောလူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ❖ အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့်ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ရန်။

# တရားဥပဒေစိုးမိုးရေးအထောက်အကူပြု စံနမူနာရှေ့ပြေးဥပဒေရုံး

ဥပဒေအရာရှိတစ်ဦး

**"တရားခွင်အကြို တွေ့ဆုံမေးမြန်းရာတွင် အဓိကအရေးကြီးဆုံးအချက်မှာ ဥပဒေအရာရှိများအနေဖြင့် နစ်နာသူ(များ)နှင့် သက်သေ (များ)ကို တရားခွင်တွင် မည်သို့မည်ပုံထွက်ဆိုရမည်ဖြစ်ကြောင်း သင်ကြားခြင်းမပြုလုပ်ရန်ဖြစ်ပါသည်။ ၎င်း၏မှတ်ဉာဏ်ကို ပြန်လည်နှိုးဆွခြင်းသာဖြစ်ရပါမည်။ ရှေ့ပြေးဥပဒေရုံးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဥပဒေအရာရှိများအနေဖြင့် ဥပဒေရေးရာဝန်ကြီးဌာနက ထုတ်ပြန်ထားသော** Pre-Trial Interview Guideline **နှင့်အညီ လိုက်နာဆောင်ရွက်ရန် အရေးကြီးပါသည်"**

ဥပဒေရေးရာဝန်ကြီးဌာန (ယခင်ပြည်ထောင်စုရှေ့နေချုပ်ရုံး) နှင့် ဥပဒေရုံးအဆင့်ဆင့်သည် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းတာဝန်များ ဆောင်ရွက်ကြရပါသည်။

နိုင်ငံတော်အစိုးရ၏ တရားဥပဒေစိုးမိုးရေးဆိုင်ရာမူဝါဒများ ပိုမိုခိုင်မာအားကောင်းစေရန်နှင့် ဥပဒေရုံးအဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်ချက်များ ပိုမိုကောင်းမွန်စေရန် **"တရားဥပဒေစိုးမိုးရေးဆီသို့"**ဟူသည့် ရည်မှန်းချက်ကို ခိုင်မာစွာကိုင်စွဲလျက် ရှေ့ပြေးဥပဒေရုံး (Pilot Law Office) များကို သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

ဥပဒေရေးရာဝန်ကြီးဌာနနှင့် ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများက ရာဇဝတ်မှုများနှင့် နိုင်ငံတော်က တရားလို သို့မဟုတ် တရားပြိုင်အဖြစ်ပါဝင်သော တရားမမှုများတွင် တရားစွဲမတင်မီ ဥပဒေအကြံပေးခြင်း၊ အမှုလိုက်ပါခြင်းများကို ဆောင်ရွက်ရပါသည်။ ခေတ်နှင့်လျော်ညီသည့် တရားစွဲနှင့်အမှုလိုက်လုပ်ငန်းဆိုင်ရာများတွင် ပြည်သူများက ပိုမိုယုံကြည်မှုရှိစေရေးအတွက် တရားစွဲမတင်မီဥပဒေအကြံပေးခြင်း၊ အမှုလိုက်ပါဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်ရုံးများနှင့် ခရိုင်ဥပဒေရုံးများက အဆင့်ဆင့်စနစ်တကျ ဆောင်ရွက်စေရန်နှင့် ကြီးကြပ်မှုပိုမိုအားကောင်းစေရန် ဖော်ဆောင်လျက်ရှိပါသည်။

## ရှေ့ပြေးဥပဒေရုံးဆိုတာဘာလဲ

**"ပြည်သူ့အတွက် တည်ဆောက်လျက် ဥပဒေယုံကြည်ချက်"** (Building Legal Trust for the People)ဟူသည့် ဆောင်ပုဒ်ဖြင့် ဥပဒေရေးရာဝန်ကြီးဌာန၏ မဟာဗျူဟာစီမံကိန်း(၂၀၂၅-၂၀၂၉) အရ ရှေ့ပြေးဥပဒေရုံးများ တိုးချဲ့တည်ထောင်ခြင်းနှင့် နစ်နာသူနှင့် သက်သေများကို တရားခွင်အကြိုတွေ့ဆုံမေးမြန်းခြင်းစသည့် လုပ်ငန်းများကို ပထမဦးစားပေးအဆင့်အဖြစ် သတ်မှတ်ထားရှိသောကြောင့် **"ရှေ့ပြေးဥပဒေရုံးဆိုတာဘာလဲ၊ ရှေ့ပြေးဥပဒေရုံးတွေမှာ ဘာတွေဆောင်ရွက်နေကြတာလဲ"**ဆိုသည်များကို သိရှိလိုသောအများပြည်သူ၊ ရှေ့နေရှေ့ရပ်၊ တရားစွဲအဖွဲ့အစည်း၊ သက်ဆိုင်ရာဥပဒေရုံးများနှင့် လုပ်ငန်းသဘာဝအရ ပတ်သက်ဆက်နွှယ်နေသူများ သိရှိစေရန် တင်ပြလိုခြင်းဖြစ်ပါသည်။

ဥပဒေရေးရာဝန်ကြီးဌာနအောက်ရှိ ဥပဒေရုံးအဆင့်ဆင့်တွင် အမှုကိစ္စရပ်စီမံခန့်ခွဲမှုစနစ်များ ပိုမိုကောင်းမွန်စေရန် စံနမူနာပြုကနဦးအကောင်အထည်ဖော်မည့် ရှေ့ပြေးဥပဒေရုံးများ ရွေးချယ်ပြီး အောက်ပါအစီအစဉ်များ စမ်းသပ်ဆောင်ရွက်ခဲ့ပါသည် -

(က) ရှေ့ပြေးဥပဒေရုံးအင်္ဂါရပ်နှင့်လျော်ညီအောင် ပြင်ဆင်ခြင်း၊

(ခ) ရှေ့ပြေးဥပဒေရုံးအတွက် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ခြင်း၊

(ဂ) တရားစွဲနှင့် အမှုလိုက်လုပ်ငန်းများ စံပြုနမူနာဖြစ်ရန် ဆောင်ရွက်ခြင်း။

(က) ရှေ့ပြေးဥပဒေရုံးအင်္ဂါရပ်နှင့် လျော်ညီအောင် ပြင်ဆင်မည့် ကိစ္စရပ်တွင် -

- အမှုတွဲလက်ခံခြင်းနှင့် စုံစမ်းရေးဌာနထားရှိခြင်း၊
- နစ်နာသူများ၊ သက်သေများနှင့် တွေ့ဆုံဆွေးနွေးခန်းထားရှိခြင်း၊
- တာဝန်ခံဥပဒေအရာရှိရုံးခန်း ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် အမှုလိုက်ဥပဒေအရာရှိများအတွက် အခန်းဖွဲ့စည်းခြင်း၊
- ဖိုင်တင်စင်အပါအဝင် ရုံးသုံးပရိဘောဂများ၏ အရည်အသွေးနှင့် စနစ်ကျမှု မြှင့်တင်ခြင်း၊
- စာကြည့်တိုက်ထားရှိခြင်းနှင့်
- အစည်းအဝေးခန်းထားရှိခြင်းတို့ ဖြစ်ပါသည်။

(ခ) ရှေ့ပြေးဥပဒေရုံးအတွက် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့မည့်ကိစ္စရပ်တွင် -

- အလိုအလျောက် ဆက်သွယ်ဆောင်ရွက်ခြင်းစနစ် အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ရှေ့ပြေးဥပဒေရုံးများရှိ ဥပဒေအရာရှိများနှင့် ဝန်ထမ်းများကို ကွန်ပျူတာပညာရပ် သင်ကြားပေးခြင်း၊
- ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးခြင်း၊
- ရုံးလုပ်ငန်းဆောင်ရွက်ချက်များ မှတ်တမ်းတင်ခြင်းကို ကွန်ပျူတာစနစ်ဖြင့် ဆောင်ရွက်နိုင်ရန် Software ရေးဆွဲခြင်း၊
- အမှုလိုက်ဥပဒေအရာရှိများက Software အသုံးပြုဆောင်ရွက်နိုင်ရန် Tablet များ ထောက်ပံ့ခြင်း၊
- အမှုလိုက်ဥပဒေအရာရှိများက အဆိုပါ Software အား အသုံးပြုဆောင်ရွက်ခြင်း ရှိ၊ မရှိကို အဆင့်မြင့်ရုံးတာဝန်ရှိသူများနှင့် တာဝန်ခံဥပဒေအရာရှိတို့က ကြီးကြပ်ခြင်း၊
- သက်ဆိုင်ရာရှေ့ပြေးတရားရုံးများက အကောင်အထည်ဖော်သည့်စနစ်နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။

(ဂ) တရားစွဲနှင့် အမှုလိုက်လုပ်ငန်းပိုင်းဆိုင်ရာများ စံပြုနမူနာဖြစ်ရန် ဆောင်ရွက်ရမည့် ကိစ္စရပ်တွင် -

- ပြစ်မှုဆိုင်ရာအမှုများကို တရားစွဲဆိုခြင်းမပြုမီ ဥပဒေအကြံပြုချက် တောင်းခံသည့်အဆင့်တွင် နစ်နာသူ အမှုသည်များနှင့် တွေ့ဆုံမေးမြန်းကြားနာခြင်း၊
- ရဲစက္ကူတွင် မပြည့်စုံ၊ မလုံလောက်သည့် အကြောင်းအချက်များကို အမှုစစ်ရဲအရာရှိထံ ဖုန်းဆက်မေးမြန်းခြင်း၊
- အမှုများအား လျင်မြန်စွာ ပြီးပြတ်အောင် ဆောင်ရွက်ခြင်း၊
- သေးငယ်သော ပြစ်မှုများကို တရားရုံးသို့ မရောက်ရှိစေဘဲ ပြီးပြတ်စေခြင်း၊
- စုံစမ်းထောက်လှမ်းသည့်ကာလအတွင်း တရားစွဲအဖွဲ့အစည်းများနှင့် ဥပဒေရုံးများ ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းနှင့်
- နစ်နာသူများ၊ သက်သေများကို တရားခွင်အကြိုတွေ့ဆုံဆွေးနွေးခြင်း (Pre-Trial Interview) တို့ ဆောင်ရွက်ရန် ရည်ရွယ်ပါသည်။

## စံပြုနမူနာရှေ့ပြေးဥပဒေရုံး

ဥပဒေရေးရာဝန်ကြီးဌာနနှင့် အဆင့်ဆင့်သော ဥပဒေရုံးများ၏ အဓိကလုပ်ငန်းတာဝန်တွင် ပြစ်မှုဆိုင်ရာအမှုများကို တရားစွဲဆိုခြင်းမပြုမီ ဥပဒေအကြံပေးခြင်း ပါဝင်ပါသည်။ အထက်အပိုဒ်(ဂ)ပါ အချက်များကို တစ်ချက်ချင်း ရှင်းလင်းလိုပါသည်။ စံပြုနမူနာရှေ့ပြေးဥပဒေရုံးများက ပြစ်မှုဆိုင်ရာအမှုများကို တရားစွဲဆိုခြင်းမပြုမီ ဥပဒေအကြံပြုချက်တောင်းခံသည့်အဆင့်တွင် နစ်နာသူအမှုသည်များနှင့် တွေ့ဆုံမေးမြန်းကြားနာခြင်းသည် ပြီးပြည့်စုံသော ဥပဒေအကြံပြုချက်ဖြစ်စေရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

သာဓကအားဖြင့် စင်ကာပူနိုင်ငံအခြေစိုက် စားသုံးကုန်လုပ်ငန်းစု၏ လုပ်ငန်းအမည်အား Franchise ရရှိခဲ့သော မြန်မာနိုင်ငံသားနှစ်ဦးအနက် တစ်ဦးက ကျန်တစ်ဦးအပေါ် ကုန်အမှတ်တံဆိပ်လိမ်လည်အတုပြုမှုဖြင့် သက်ဆိုင်ရာရဲစခန်းသို့ တိုင်တန်းသောအမှုတွင် ထိုသူနှစ်ဦး၏ Franchise Agreement များကို Notary Public ၏ ဘာသာပြန်ဆိုချက်ရယူဆောင်ရွက်ပေးနိုင်ရန် ပြောကြားချက်အပေါ် သက်ဆိုင်ရာအမှုသည်က ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် မှန်ကန်ပြည့်စုံသောဥပဒေအကြံပြုချက် ပြန်ကြားနိုင်ခဲ့ပါသည်။ ယင်းသို့ပြန်ကြားနိုင်ခြင်းသည် တရားရုံးသို့ တရားမစွဲတင်မီ အမှုသည်များနှင့် တွေ့ဆုံမေးမြန်းခြင်း အကျိုးရလဒ်ဖြစ်ပါသည်။

ရဲစက္ကူတွင် Computer Error နှင့် စာလုံးပေါင်းသတ်ပုံ မှားယွင်းခြင်းတို့ကြောင့် သက်သေထွက်ဆိုချက်ပါဖော်ပြချက် ရှင်းလင်းမှုမရှိသော ကိစ္စရပ်မျိုးတွင် ရဲစက္ကူအမှုတွဲအား သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းသို့ တရားဝင်စာလမ်းကြောင်းဖြင့် ပြန်လည်ပေးပို့ခြင်းမပြုဘဲ မပြည့်စုံ၊ မလုံလောက်သည့် အကြောင်းအချက်များကို အမှုစစ်ရဲအရာရှိထံ ဖုန်းဆက်မေးမြန်းခြင်းဖြင့် အချိန်ကြန့်ကြာမှုမရှိစေဘဲ ဆောလျင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

အမှုများအား လျင်မြန်စွာ ပြီးပြတ်အောင်ဆောင်ရွက်စေခြင်းတွင် ဥပဒေအကြံပြုချက် တောင်းခံသည့်အမှု၌ ဥပဒေနှင့် ပုဒ်မပြောင်းလဲခြင်း ဖြစ်ပေါ်စေနိုင်သော လိုအပ်ချက်၊ စွပ်စွဲခံရသူက ပြစ်မှုကျူးလွန်ကြောင်း ခိုင်မာစေမည့် လိုအပ်ချက်များဖြစ်မှသာ ရဲစက္ကူအမှုတွဲကို သက်ဆိုင်ရာ ရဲတပ်ဖွဲ့သို့ ပြန်လည်ပေးပို့ဆောင်ရွက်စေပြီး သာမန်လိုအပ်ချက်မျှသာဖြစ်ပါက အမှုတွဲပြန်လည်ပေးပို့ခြင်းမပြုဘဲ ဥပဒေအကြံပြုချက် ပြန်ကြားပြီး ထပ်မံဆောင်ရွက်ရန် ညွှန်ပြခြင်းဖြင့် မြန်ဆန်စွာ ဆောင်ရွက်စေခြင်း၊ တရားစွဲဆိုတင်ပို့ပြီးနောက် သက်ဆိုင်ရာတရားရုံးတွင် အရေးပါသည့်သက်သေကို ဦးစားပေးဆင့်ခေါ်စစ်ဆေးနိုင်ရေး၊ တရားရုံးသို့ ရဲတပ်ဖွဲ့ဝင်သက်သေများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ဆရာဝန်သက်သေများက ရုံးချိန်းမပျက်မကွက် လာရောက်စေရေးတို့အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်စေခြင်းကို အခြားဥပဒေရုံးများက စံနမူနာယူနိုင်သည်အထိ ပြသအကောင်အထည်ဖော်ရန်ဖြစ်ပါသည်။

## တရားဥပဒေစိုးမိုးရေးကို အထောက်အကူဖြစ်

သေးငယ်သောပြစ်မှုများကို တရားရုံးသို့ မရောက်ရှိစေဘဲ ပြီးပြတ်စေခြင်းမှာ ရာဇဝတ်ကျင့်ထုံးဥပဒေအရ အချို့သောပြစ်မှုများကို နစ်နာသူက ကျေအေးလိုက တရားစွဲဆိုတင်ပို့ခြင်းမပြုဘဲ ကျေအေးပြီးပြတ်နိုင်ရန် ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ကြီးသည့်အမှုငယ်စေ၊ ငယ်သည့်အမှု ကျေအေးပပျောက်စေဟူသော သဘောတရားကို ဖော်ဆောင်ခြင်းဖြင့် တရားဥပဒေစိုးမိုးရေးကို အထောက်အကူဖြစ်ရန် ဖြစ်ပါသည်။

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေအရ အရေးယူသော ပြစ်မှုများတွင် သက်ဆိုင်ရာ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ နယ်မြေရဲစခန်းနှင့် ဥပဒေရုံးတို့သည် အမှုစတင်တည်ဆောက်ချိန်မှစ၍ သက်ဆိုင်ရာတရားရုံး၏ အပြီးသတ်အမိန့် ရရှိပြီးသည့်အချိန်ကာလအထိ ပူးပေါင်းဆောင်ရွက်ရာတွင် ရရှိခဲ့သော ရလဒ်ကောင်းများကို မူတည်၍ အခြားသော ရာဇဝတ်မှုများတွင်လည်း ယင်းကဲ့သို့ စုံစမ်းထောက်လှမ်းသည့်ကာလအတွင်း တရားစွဲအဖွဲ့အစည်းနှင့် ဥပဒေရုံးများအကြား ပူးပေါင်းဆောင်ရွက်မှုကို စံနမူနာအဖြစ် မြှင့်တင်ဆောင်ရွက်မည်ဖြစ်ပါသည်။

အမှုများတွင် နစ်နာသူ(များ)နှင့် သက်သေအများစုသည် တရားရုံးသို့ ရောက်ရှိဖူးသူများ မဟုတ်ကြ၍ ရုံးသဘောသဘာဝ၊ ရုံးကျင့်စဉ်တို့ကို နားလည်နိုင်မှုမရှိပါ။ ထို့ပြင် နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ဥပဒေအရာရှိများနှင့် ပြင်ပရှေ့နေများ၏ အခန်းကဏ္ဍကို သိကျွမ်းနားလည်မှုမရှိပါ။ ထို့ကြောင့် တရားခွင်တွင် သက်သေခံရာ၌ အမျိုးမျိုးသောဖိအားကြောင့် မိမိကြုံတွေ့ခဲ့ရသည့်ဖြစ်စဉ်ကို တရားရုံးနားလည်လက်ခံနိုင်အောင် ထွက်ဆိုနိုင်ခြင်းမရှိပါ။ ထိုကဲ့သို့သော နစ်နာသူနှင့် သက်သေတို့ကို တရားရုံး၏ သဘောသဘာဝ၊ တရားခွင်၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့်

*စာမျက်နှာ ၇ သို့*

❍ *ကျောဖုံးမှ*

ယင်းနောက်ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမင်းသန့်ဇင်က ဒုတိယဆုရရှိသော Red Drivel အသင်းကစားသမားများအား လည်ဆွဲဆုနှင့် ငွေသားဆု ချီးမြှင့်သည်။ ထို့နောက် တာဝန်ရှိသူများက အကောင်းဆုံးကစားသမားဆုများအား ချီးမြှင့်ရာ ဆယ်မအကောင်းဆုံးဆုကို Red Drivel အသင်းမှ စိုးမိုးအောင်ကလည်းကောင်း၊ ပစ်ထောင်အကောင်းဆုံးဆုကို Polairs အသင်းမှ ဇော်ဖြိုးပိုင်ကလည်းကောင်း၊ ခုတ်ရိုက်အကောင်းဆုံးဆုကို Polairs အသင်းမှ စောအေးမင်းသန့်တို့က ရရှိကြသည်။ ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးဇော်မင်းဦးက ပထမဆုရရှိသော Polairs အသင်း ကစားသမားများအား လည်ဆွဲဆု၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

# သီဟရာဇာအလိုတော်ပြည့် စေတီတော်မြတ်ကြီး ထီးတော်တင်မင်္ဂလာအခမ်းအနားကျင်းပ

**ပုသိမ် မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ ကညင်ချောင်းကျေးရွာ မြစိမ်းရောင်တောင်တော် သာသနာ့နယ်မြေရှိ သီဟရာဇာအလိုတော်ပြည့် စေတီတော်မြတ်ကြီး ထီးတော်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါစေတီတော်မြတ်ကြီး၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်နှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ရောက်ဖူးမြော်ကြည်ညိုသည်။

**အမွှေးနံ့သာရည်ပက်ဖျန်း**

ဦးစွာ ထီးတော်ဘုံအဆင့်ဆင့်နှင့် ဆတ်သွားဖူး၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်အား ပန်းရထားဖြင့် ပင့်ဆောင်ဆက်ကပ်လှူဒါန်း၍ ထီးတော်တင်ကြပြီး ကျောက်စာတိုင် ဖွင့်လှစ်ခြင်း အခမ်းအနားကို ဆက်လက်ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကမ္ပည်းမော်ကွန်းတင် ကျောက်စာတိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ



ပက်ဖျန်းပေးသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အလယ်တောရဆရာတော်ဘဒ္ဒန္တ ပညာသီဟထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အနုမောဒနာတရားများနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေပြီး ဆရာတော် သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

❑ *ကျောဖုံးမှ*

ပြန်လည်ပြုပြင်တည်ဆောက်ရမည့် လုပ်ငန်းများအတွက် လိုအပ်သည့် ဘိလပ်မြေ၊ သွပ်၊ သွပ်ရိုက်သံ အစရှိသည့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများကို မန္တလေးမြို့မှလည်းကောင်း၊ နေရပ်များသို့ ပြန်လည်ဝင်နေထိုင်သည့် ပြည်သူများသို့ ထောက်ပံ့မည့် လူသုံးကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ တစ်ကိုယ်ရေကျန်းမာရေးသုံးပစ္စည်းများ ပါဝင်သည့် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများကို နေပြည်တော်မှလည်းကောင်း ယနေ့နံနက်ပိုင်းက တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့သည်။

ယနေ့တွင် ဘိလပ်မြေ ၁၀ တန်၊ အမိုးသွပ် ၁၀ တန်၊ လိုအပ်သော သွပ်ရိုက်သံ ၁၂၃ ပိဿာကျော်နှင့် ကယ်ဆယ်ထောက်ပံ့ပစ္စည်း ၃ တန်ကျော်တို့ကို ပေးပို့ခဲ့ပြီး သက်ဆိုင်ရာမြို့နယ်များသို့ ဆက်လက်ဖြန့်ခွဲထောက်ပံ့သွားမည်ဖြစ်ကြောင်း၊ ဒေသ၏ လိုအပ်ချက်များအပေါ်မူတည်ပြီး ဖြည့်ဆည်းပေးနိုင်ရေး စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇာနည်ကိုကို(ပြန်/ဆက်)**





ချင်းသောင်းကျန်းသူများကြောင့် ထိခိုက်ပျက်စီးခဲ့သော ဖလမ်းမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့တို့၌ ပြန်လည်ထူထောင်ရေးဆောင်ရွက်ရာတွင် လိုအပ်သောတည်ဆောက်ရေးနှင့်ထောက်ပံ့ရေးပစ္စည်းများ တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်နေမှုကို တွေ့ရစဉ်။

*စာမျက်နှာ ၆ မှ*

သက်သေစစ်မေးမှုအစီအစဉ်၊ တစ်ဖက်အမှုသည်က ပြန်လှန်မေးမြန်းဖွယ်ရှိနိုင်သောကိစ္စတို့ကို ကြိုတင်ရှင်းပြခြင်း၊ ၎င်းကြုံတွေ့ခဲ့ရသည့် အမှုဖြစ်စဉ်ကို ပြန်ပြောင်းအောက်မေ့သတိရစေရန် မေးမြန်းခြင်းဖြင့် တရားရုံးအတွေ့အကြုံမရှိသည့် နစ်နာသူနှင့် သက်သေ၏ စိတ်ဖိစီးမှုကို လျော့ကျစေနိုင်ရန်အလို့ငှာ တရားခွင်အကြိုတွေ့ဆုံမေးမြန်းခြင်း (Pre–Trial Interview) လမ်းညွှန်ချက်ထုတ်ပြန်၍ ရှေ့ပြေးဥပဒေရုံးများတွင် ဆောင်ရွက်ခြင်းသည် ထူးခြားသော ဝိသေသလက္ခဏာရပ်တစ်ခုလည်း ဖြစ်ပါသည်။

တရားခွင်အကြို တွေ့ဆုံမေးမြန်းရာတွင် အဓိကအရေးကြီးဆုံးအချက်မှာ ဥပဒေအရာရှိများအနေဖြင့် နစ်နာသူ(များ)နှင့် သက်သေ(များ)ကို တရားခွင်တွင် မည်သို့မည်ပုံထွက်ဆိုရမည်ဖြစ်ကြောင်း သင်ကြားခြင်းမပြုလုပ်ရန်ဖြစ်ပါသည်။ ၎င်း၏မှတ်ဉာဏ်ကို ပြန်လည်နှိုးဆွခြင်းသာဖြစ်ရပါမည်။ ရှေ့ပြေးဥပဒေရုံးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဥပဒေအရာရှိများအနေဖြင့် ဥပဒေရေးရာဝန်ကြီးဌာနက ထုတ်ပြန်ထားသော Pre–Trial Interview Guideline နှင့်အညီ လိုက်နာဆောင်ရွက်ရန် အရေးကြီးပါသည်။

ကနဦးစမ်းသပ်ခဲ့သည့် ရှေ့ပြေးဥပဒေရုံး သုံးရုံး၏ အကောင်အထည်ဖော်နိုင်မှု ရလဒ်များအရ ၂၀၁၉ ခုနှစ်တွင် ခရိုင်ဥပဒေရုံး ငါးရုံးကိုလည်းကောင်း၊ ၂၀၂၀ ခုနှစ်တွင် နောက်ထပ် ၁၀ ရုံးကိုလည်းကောင်း၊ ၂၀၂၄ ခုနှစ်တွင် ခရိုင်ဥပဒေရုံး ငါးရုံးနှင့် မြို့နယ်ဥပဒေရုံး ငါးရုံးကိုလည်းကောင်း ထပ်မံတိုးချဲ့ဖွဲ့စည်းဆောင်ရွက်ခဲ့သောကြောင့် ရှေ့ပြေးဥပဒေရုံး ၂၈ ရုံး ရှိခဲ့ပါသည်။ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေရေးရာဝန်ကြီးဌာနအောက်ရှိ မြို့နယ်ဥပဒေရုံး ၁၀ ရုံးကို ရှေ့ပြေးဥပဒေရုံးများအဖြစ် တိုးချဲ့သတ်မှတ်၍ ၂၀၂၆ ခုနှစ် မေ ၁၃ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဇမ္ဗူသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့ရှိ မြို့နယ်ဥပဒေရုံး လေးရုံးကို ရှေ့ပြေးဥပဒေရုံးများအဖြစ် စတင်ဆောင်ရွက်စေခဲ့ပါသည်။ ယခုအခါ ရှေ့ပြေးဥပဒေရုံး စုစုပေါင်း ၃၈ ရုံးရှိပြီ ဖြစ်ပါသည်။ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် အညီဖြစ်သော တရားစွဲနှင့် အမှုလိုက်လုပ်ငန်း ဆောင်ရွက်ချက်အသစ်များကို လိုအပ်သလိုပေါင်းစပ် ကျင့်သုံးဆောင်ရွက်ရန် ရည်ရွယ်၍ သတ်မှတ်ဆောင်ရွက်စေခဲ့ခြင်းဖြစ်ပြီး ယင်းရှေ့ပြေးဥပဒေရုံးများ၏ အတွေ့အကြုံများအပေါ်အခြေခံကာ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ရှေ့ပြေးဥပဒေရုံးများ တိုးချဲ့သတ်မှတ်ဆောင်ရွက်မည်ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် ရှေ့ပြေးဥပဒေရုံးများအစီအစဉ်သည် ဥပဒေရုံးများ၏ ဥပမိရုပ်နှင့် လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်စေပြီး နည်းပညာအသုံးပြုဆောင်ရွက်ခြင်းကြောင့် လုပ်ငန်းမြန်ဆန်မှုရှိကာ ပေါင်းစပ်ညှိနှိုင်းမှု အားကောင်းစေပါသည်။ ထို့ပြင် အရေးကြီးသောအမှုများမှ နစ်နာသူနှင့် သက်သေများက တရားရုံးရှေ့ သက်သေမခံမီ တရားခွင်နှင့် ရင်းနှီးကျွမ်းဝင်စေပြီး အမှုအဖြစ်အပျက်ကို ပြန်လည်အမှတ်ရစေရန် ကြိုတင်ပြင်ဆင်ပေးခြင်းကြောင့် တရားရုံးရှေ့တွင် ပြည့်စုံမှန်ကန်စွာ ထွက်ဆိုခြင်းဖြင့် တရားစီရင်မှုနှင့် တရားဥပဒေစိုးမိုးရေးကို အထောက်အကူ ဖြစ်စေပါသည်။

ရှေ့ပြေးဥပဒေရုံးများအစီအစဉ်အရ အမှုမှ နစ်နာသူ၊ တရားလိုနှင့် သက်သေတို့က အမှုကိစ္စနှင့်စပ်လျဉ်း၍ တင်ပြလိုသည့်ကိစ္စ၊ သိရှိလိုသည့်ကိစ္စတို့ကို တင်ပြမေးမြန်းနိုင်ရန် စုံစမ်းရေးဌာနများဖွင့်လှစ်၍ လက်ခံဆောင်ရွက်ပေးခြင်းကြောင့် အများပြည်သူက ဥပဒေရေးရာ အကြံဉာဏ်နှင့် အကူအညီရရှိရန် လက်လှမ်းမီသည့်အပြင် ဥပဒေရေးရာဝန်ကြီးဌာန၊ အဆင့်ဆင့်သောဥပဒေရုံးများ၊ ဥပဒေအရာရှိများ၏ လုပ်ငန်းဆောင်ရွက်ချက်အပေါ် ယုံကြည်ကိုးစားမှုတည်ဆောက်ခြင်းဖြင့် အများပြည်သူကို ဥပဒေ၏အကာအကွယ် အညီအမျှရရှိစေနိုင်ပြီး တရားဥပဒေစိုးမိုးရေးကို အဓိကအထောက်အကူ ဖြစ်စေနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။ ။

# ယောဂဟာ ရုပ်ပိုင်းဆိုင်ရာနဲ့ စိတ်ပိုင်းဆိုင်ရာအကြား ဟန်ချက်ညီမှု၊ အတွေးအခေါ်နဲ့ အပြုအမူတို့မှာ စည်းကမ်းရှိမှု၊ တစ်ဦးတစ်ယောက်ချင်းစီနဲ့ လူ့အဖွဲ့အစည်းအကြား သဟဇာတဖြစ်မှုကို ကိုယ်စားပြုပါတယ်

**မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur**

"ကျန်းမာသုခ၊ ဉာဏ်ပညာနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ယောဂ" (Yoga for Wellness, Wisdom, and World Peace) ဆောင်ပုဒ်ဖြင့် ၂၀၂၆ ခုနှစ် (၁၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့ အထိမ်းအမှတ် ယောဂသရုပ်ပြ စုပေါင်းလေ့ကျင့်ခြင်း အခမ်းအနားကို မေ ၂၄ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဥယျာဉ်တော်အတွင်း ရေပန်းရင်ပြင်၌ ကျင်းပသည်။

"အပြည်ပြည်ဆိုင်ရာယောဂနေ့ အထိမ်းအမှတ် အစီအစဉ်ထဲမှာ တစ်ခုအပါအဝင်အဖြစ် ယောဂသရုပ်ပြလေ့ကျင့်ခြင်းအစီအစဉ်ကို နေပြည်တော်ရဲ့ အထင်ကရနေရာဖြစ်တဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်မှာ ဒီနေ့ အိန္ဒိယသံရုံးအနေနဲ့ မြန်မာနိုင်ငံအစိုးရနဲ့အတူတကွ ကျင်းပခွင့်ရတဲ့အတွက် ကျွန်တော့်အနေနဲ့ အထူးဝမ်းမြောက်ဂုဏ်ယူမိပါတယ်" ဟု မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur က ပြောကြားသည်။



၂၀၁၄ ခုနှစ် ဒီဇင်ဘာလက ကျင်းပခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် အဖွဲ့ဝင် ၁၉၃ နိုင်ငံက အဆိုထောက်ခံခဲ့ပြီး နိုင်ငံပေါင်း ၁၇၇ နိုင်ငံက ပူးပေါင်းဆောင်ရွက်မည်ဟု ကတိပြုခဲ့သည့်အတွက် အပြည်ပြည်ဆိုင်ရာယောဂနေ့ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

"မြန်မာနိုင်ငံအစိုးရနဲ့ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေ့ကျင်းပတဲ့အခမ်းအနားကို အထူးဧည့်သည်တော်အဖြစ် တက်ရောက်ပေးတဲ့ ဒုတိယသမ္မတ ဦးညိုစော၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့က ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတွေ၊ တာဝန်ရှိသူတွေ၊ ယောဂဝါသနာရှင်တွေကို ကျွန်တော့်အနေနဲ့ အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်" ဟု အိန္ဒိယနိုင်ငံသံအမတ်ကြီးက ပြောကြားသည်။

"ယောဂရဲ့ အထူးထင်ရှားတဲ့အချက်ကတော့ ဟိန္ဒီ(Hindi)လို ယိုး(ဂ်)လို့သုံးပြီး အင်္ဂလိပ်လို ယောဂလို့အသံထွက်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ယိုး(ဂ်)လို့ အသံထွက်ပါမယ်။ သူ့ရဲ့အဓိပ္ပာယ်က စုစည်းညီညွတ်မှုဖြစ်ပါတယ်။ ယောဂဟာ ကာယလေ့ကျင့်ခန်းတစ်ခုထက် များစွာပိုမိုပါတယ်။ ယောဂဟာ ရုပ်ပိုင်းဆိုင်ရာနဲ့ စိတ်ပိုင်းဆိုင်ရာအကြား ဟန်ချက်ညီမှု၊ အတွေးအခေါ်နဲ့အပြုအမူတို့မှာ စည်းကမ်းရှိမှု၊ တစ်ဦးတစ်ယောက်ချင်းစီနဲ့ လူ့အဖွဲ့



အစည်းအကြား သဟဇာတဖြစ်မှုကို ကိုယ်စားပြုပါတယ်။ ဒီနေ့ကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာယောဂနေ့မှာ အတူတကွဆင်နွှဲကြရင်း ကျွန်တော်တို့ရဲ့ လူ့အဖွဲ့အစည်းကြားမှာ ဟန်ချက်ညီမှု၊ ကရုဏာတရားနဲ့ အတူယှဉ်တွဲနေထိုင်ခြင်းတို့ကို ထပ်လောင်းအတည်ပြုရင်း ယောဂရဲ့စိတ်ဓာတ်ဖြစ်တဲ့ လူသားများအကြား ညီညွတ်မှု၊ စည်းလုံးမှုနဲ့ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတွေကို ဆက်လက်လှုံ့ဆော်ပေးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**သတင်းစဉ်**

## အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများအား ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိပြီး တရုတ်နိုင်ငံသား ၂၇ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

**နေပြည်တော် မေ ၂၄**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်း ပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်များအတွင်းသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် တရုတ်နိုင်ငံသား ၂၇ ဦး ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မေ ၂၄ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၈၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၁၂ ဦးအား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။



လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၆၄ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး(လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၂ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၅၀၂ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများအားဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပုဗ္ဗသီရိမြို့နယ်၌ ပဏာမ မျက်စိစမ်းသပ်စစ်ဆေးခြင်း သင်တန်းဖွင့်

**နေပြည်တော် မေ ၂၄**

ပုဗ္ဗသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းနေအရွယ်ကလေးငယ်များအတွက် ပဏာမ မျက်စိ



စမ်းသပ်စစ်ဆေးခြင်းသင်တန်းကို မေ ၂၁ ရက်က ပုဗ္ဗသီရိမြို့နယ် အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်း၌ပြုလုပ်ရာ မြို့နယ်ပညာရေးမှူး ဒေါ်အေးအေးသန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ပို့ချမည့်ဘာသာရပ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများအား ကျောင်းနေအရွယ်ကလေးများအတွက် ပဏာမ မျက်စိကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းသည် အထူးအရေးပါသောလုပ်ငန်းဖြစ်ပြီး ကလေးများ၏ ပညာရေးတိုးတက်မှု၊ လူမှုရေးနှင့် ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးမှုတို့ကို များစွာအထောက်အကူပြုပေးနိုင်ရန်ရည်ရွယ်ကာ သင်ကြားပေးခဲ့ကြောင်း သိရသည်။

**အောင်ကို (ပုဗ္ဗသီရိ)**

## ရေချွေတာရေး နည်းလမ်းများ

- ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
  ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။
  ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

# လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနေသည့် အခြေအနေများအား ပြည်သူများသို့ အသိပေးတင်ပြခြင်း

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သည် ပြည်သူများ လျှပ်စစ်နှင့် စွမ်းအင်ကို ကြောင့်ကြကင်းစွာ အသုံးပြုနိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အနေဖြင့် လျှပ်စစ် ဓာတ်အား တိုးမြှင့်ထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် စီမံကိန်းများအနက် အချို့သည် အမျိုးမျိုးသောနှောင့်ယှက်ဟန့်တားမှု၊ ပယောဂများကြောင့် အကောင်အထည်ဖော်နိုင်ခဲ့ခြင်း မရှိဘဲ ပြည်သူလူထုလိုအပ်ချက်၏ ၇၀ ရာခိုင်နှုန်းခန့်သာ ထုတ်လုပ်ပေးနိုင်လျက်ရှိပါသည်။

တစ်ဖက်တွင်လည်း ပြည်သူလူထု၏ သုံးစွဲလိုမှုမှာ နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်လာသည် ဖြစ်ရာ ဝန်နှင့်အား မမျှတော့ဘဲ ရုန်းကန်နေရသည့် အခြေအနေ ဖြစ်ပါသည်။

လျှပ်စစ်ထုတ်လုပ်မှု၏ ၃ ဒသမ ၅ ရာခိုင်နှုန်းခန့်ကို ဓာတ်အားပေးစက်ရုံနှင့် ဓာတ်အားခွဲရုံများတွင် ပြန်လည်အသုံးပြုရပြီး ၄ ဒသမ ၅ ရာခိုင်နှုန်းခန့်သည် ရှည်လျားစွာ သွယ်တန်းထားရသည့် မဟာဓာတ်အားလိုင်းကြီးများတစ်လျှောက် အလိုအလျောက် ဆုံးရှုံးသွားသဖြင့် သုံးစွဲသူပြည်သူများထံသို့ ရောက်ရှိချိန်တွင် ထုတ်လုပ်မှု၏ ၈ ရာခိုင်နှုန်းခန့်သည် သဘောသဘာဝအရ လျော့နည်းနေမည်ဖြစ်ပါသည်။

ထို့အပြင်အချို့သောဓာတ်အားထုတ်လုပ်မှု အရင်းအမြစ်များ၊ ဓာတ်အားခွဲရုံများ မဟာဓာတ်အားလိုင်းကြီးများသည် အကြမ်းဖက်ဖျက်ဆီးခံထားရသဖြင့် အပြည့်အဝအသုံးပြုနိုင်မှု မရှိတော့သည့်အတွက် ကျန်ရှိသည့် ဓာတ်အားခွဲရုံများနှင့် မဟာဓာတ်အားလိုင်းကြီးများသည်ဝန်ပိုများထမ်းဆောင်နေကြရသည်ဖြစ်ရာ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှု ကွန်ရက်ကြီးသည် နည်းပညာဆိုင်ရာ စွန့်စားရမှုများစွာနှင့်အတူ ပြည်သူများ၏ လိုအပ်ချက်ကိုကြိုးစားဖြည့်ဆည်းနေရသည့်အခြေအနေ ဖြစ်ပါသည်။

ဖျက်ဆီးခံရမှုများကို မြန်မာ့တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ လုံခြုံရေး အစောင့်အရှောက်နှင့် ပြည်သူများ၏ အကူအညီများရယူ၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများသည် စွန့်လွှတ်စွန့်စားသော စိတ်ဓာတ်များနှင့် ရာသီအချိန်မရွေး ပြင်ဆင်ပေးလျက်ရှိနေကြပါသည်။


ယင်းသို့ ပြင်ဆင်သည့်အချိန်များတွင်လည်း သွားရောက်ရာ လမ်းတစ်လျှောက် မိုင်းထောင်ထားခြင်း၊ ပြင်ဆင်နေစဉ်လာရောက်နှောင့်ယှက်တိုက်ခိုက်ခြင်း၊ ပြင်ဆင်ပြီး ပြန်မည့်လမ်းတစ်လျှောက်တွင် မိုင်းများ ထောင်ထားခြင်းတို့ကြောင့် အချို့ဝန်ထမ်းများသေဆုံးခြင်း၊ ကိုယ်လက်အင်္ဂါစွန့်လွှတ်ရခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းတို့ ဖြစ်ပေါ်လျက်ရှိပါသည်။

ယင်းသို့ ဖြစ်ပေါ်နေသည့် အခက်အခဲများကြားမှပင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နည်းပညာဆိုင်ရာ အခက်အခဲများကို ဖြေရှင်းကျော်လွှားခြင်း၊ မသမာမှု ဆောင်ရွက်နေခြင်းများကို ဖော်ထုတ်ဖြေရှင်းခြင်းတို့ကို အလေးထားဆောင်ရွက်နေသည့်အတွက် ရေလှောင်တမံများ၏ သိုလှောင်ထားမှုအမှတ် အနိမ့်ဆုံး ရောက်ရှိနေသည့် ယခုအချိန်ကာလများတွင်ပင် လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးပေးနိုင်လျက်ရှိပါသည်။

နိုင်ငံတော်၏ လျှပ်စစ်နှင့် စွမ်းအင်အရင်းအမြစ်များ၊ အခြေခံအဆောက်အအုံများသည် နိုင်ငံတစ်ဝန်း ဖြန့်ကြက်တည်ရှိနေသည်ဖြစ်ရာ ပြည်သူလူထုအနေဖြင့် ဝိုင်းဝန်းကူညီစောင့်ရှောက်ခြင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် အသိပေးတင်ပြချက်များအား ဖတ်ရှု၍ လိုက်နာဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြပါရန် အသိပေးတင်ပြအပ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

ဓာတ်အားစနစ် ကွန်ရက်အခြေပြပုံ








လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများက ရာသီအချိန်မရွေး လျှပ်စစ်ဓာတ်အားစနစ် ပြင်ဆင်နေမှုများကို တွေ့ရစဉ်။




ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှုများကို တွေ့ရစဉ်။



ဓာတ်အားပေးစက်ရုံများသို့ ပို့လွှတ်သည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ ဖျက်ဆီးခံရမှုများကို တွေ့ရစဉ်။

# ၂၀၂၆ ခုနှစ် မေလ ၂၃ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင် အောက်ဆိုဒ် | နိုက်ထရိုဂျင် ဒိုင်အောက် ဆိုဒ် | အိုဇုန်း | ကာဗွန် မိုနောက် ဆိုဒ် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှု ရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# အီဘိုလာဗိုင်းရပ်စ်နှင့် ကမ္ဘာ့ကျန်းမာရေးလုံခြုံမှု

ဒေါက်တာဇေယျာဝင်း

အီဘိုလာဗိုင်းရပ်စ်ဟာ လူနဲ့ တိရစ္ဆာန်တွေမှာ ပြင်းထန်သော သွေးယိုဖျားနာရောဂါဖြစ်စေနိုင်တဲ့ ဗိုင်းရပ်စ်တစ်မျိုးဖြစ်ပြီး သေဆုံးနှုန်းမြင့်မားတဲ့ ကူးစက်ရောဂါတစ်ခုဖြစ်ပါတယ်။ ယခုအခါ အာဖရိကတိုက်အလယ်ပိုင်းရှိ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံမှာ ယင်းအီဘိုလာဗိုင်းရပ်စ် (Ebola virus) ကူးစက်ပြန့်ပွားမှုကြောင့် လူပေါင်း ၈၈ ဦးသေဆုံးခဲ့ပြီး သံသယလူနာ ၃၃၆ ဦး ရှိလာခဲ့တဲ့အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနိုင်ခြေရှိကြောင်း အပြင်းဆုံး သတိပေးနိုးဆော်ချက်ဖြစ်တဲ့ ပြည်သူ့ကျန်းမာရေးဆိုင်ရာ နိုင်ငံတကာအရေးပေါ်အခြေအနေ(Public Health Emergency of International Concern–PHEIC) အဖြစ် ၂၀၂၆ ခုနှစ်၊ မေလ ၁၇ ရက်နေ့တွင် သတ်မှတ်ကြေညာလိုက်ပါတယ်။

**❖ အီဘိုလာဗိုင်းရပ်စ်ရောဂါရဲ့ ကူးစက်ပုံနည်းလမ်းတွေအနေနဲ့ အဓိကအားဖြင့် ရောဂါပိုးရှိတဲ့ တိရစ္ဆာန်တွေကို ထိတွေ့ကိုင်တွယ်မိခြင်း၊ ရောဂါရှိသူရဲ့ သွေး၊ ခန္ဓာကိုယ်အရည်တွေနဲ့ ထိတွေ့မိခြင်း၊ ရောဂါပိုးကပ်ညိနေတဲ့ အရာဝတ္ထုတွေ၊ ရောဂါကြောင့် သေဆုံးတဲ့ ရုပ်အလောင်းတွေကို ထိတွေ့ကိုင်တွယ်မိခြင်း၊ ရောဂါပြုစုကုသမှုလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ လုံလောက်တဲ့ အကာအကွယ်အသုံးမပြုခြင်းတို့ကြောင့် ကူးစက်ခံရနိုင်ပါတယ်**

**❖ အီဘိုလာဗိုင်းရပ်စ်ရောဂါရဲ့ ရောဂါပျိုးကာလမှာ ဗိုင်းရပ်စ်ကူးစက်ခံရပြီးနောက် ရောဂါလက္ခဏာတွေ စတင်ပေါ်ပေါက်လာတဲ့အထိ ပုံမှန်အားဖြင့် နှစ်ရက်မှ ၂၁ ရက်အတွင်း ကြာမြင့်နိုင်ပါတယ်။ အများအားဖြင့် ရှစ်ရက်မှ ၁၀ ရက်အတွင်း ရောဂါလက္ခဏာတွေ ပေါ်လာတတ်ပါတယ်**

PHEIC သတိပေးသတ်မှတ်ကြေညာချက်ကို ၂၀၀၅ ခုနှစ်က စတင်သတ်မှတ်ခဲ့ပြီး ယခုအချိန်ထိ ရှစ်ကြိမ်တိုင် သတ်မှတ်အသုံးပြု ကြေညာခဲ့ရပြီး ဖြစ်ပါတယ်။ PHEIC သတ်မှတ်ကြေညာခဲ့ရတဲ့ ရောဂါတွေကတော့ ၂၀၀၉-၂၀၁၀ မှာ ဝက်တုပ်ကွေး လို့ခေါ်တဲ့ H1N1 အအေးမိတုပ်ကွေးရောဂါ၊ ၂၀၁၄ မှာ ပိုလီယိုရောဂါ၊ ၂၀၁၄-၂၀၁၆ မှာ အီဘိုလာရောဂါ (အနောက်အာဖရိက)၊ ၂၀၁၆ မှာ ဇီကာ(Zika) ရောဂါ၊ ၂၀၁၈-၂၀၂၀ မှာ အီဘိုလာရောဂါ(ကွန်ဂို)၊ ၂၀၂၀-၂၀၂၃ မှာ ကိုဗစ်-၁၉ ရောဂါ၊ ၂၀၂၂-၂၀၂၄ မှာ M-pox လို့ခေါ်တဲ့ မျောက်ကျောက်ရောဂါနဲ့ ယခု ကွန်ဂိုမှာ တစ်ကျော့ပြန်ဖြစ်ပွားနေတဲ့ အီဘိုလာဗိုင်းရပ်စ်ရောဂါတို့ ဖြစ်ပါတယ်။ ယင်းတို့အနက် ကိုဗစ်-၁၉ ကတော့ ကမ္ဘာ့ကပ်ရောဂါအဆင့်ထိ ဝမ်းနည်းဖွယ်ရောက်ရှိသွားခဲ့ပြီး အသေအပျောက်နဲ့ ထိခိုက်မှုအများဆုံးဖြစ်ခဲ့တာ အားလုံးအသိပဲဖြစ်ပါတယ်။

## အီဘိုလာဘယ်ကစ

အသီးစားလင်းနို့တွေကို အီဘိုလာဗိုင်းရပ်စ်ရဲ့ သဘာဝပိုးမွားလက်ခံ သယ်ဆောင်သူတွေအဖြစ် သတ်မှတ်ထားပါတယ်။ ပထမဆုံးရောဂါ ဖြစ်ပွားမှုက ၁၉၇၆ ခုနှစ်မှာ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အီဘိုလာ(Ebola)မြစ်အနီးရှိ ယမ်ဘူကူ (Yambuku) ရွာမှာ ဖြစ်ပွားခဲ့ပြီး ထိုမြစ်အမည်ကို ယူကာ "အီဘိုလာ"လို့ အမည်ပေးခဲ့တာဖြစ်ပါတယ်။ အဲဒီအချိန်က ရောဂါဖြစ်ပွားသူစုစုပေါင်း ၃၁၈ ဦးရှိခဲ့ပြီး သေဆုံးသူ ၂၈၀ ရှိကာ သေဆုံးနှုန်းက ခန့်မှန်း ၈၈ ရာခိုင်နှုန်းခန့် ရှိခဲ့ပါတယ်။ ရောဂါပိုးဟာ အဓိကအားဖြင့် ဖော်ပြပါ လင်းနို့လို တောရိုင်းတိရစ္ဆာန်တွေကတစ်ဆင့် လူကိုကူးစက်လာပြီး နောက်ပိုင်းမှာ လူအချင်းချင်း ဆက်လက်ကူးစက်လာပါတယ်။ အဲဒီရောဂါဟာ အာဖရိကအလယ်ပိုင်းနဲ့ အရှေ့ပိုင်းနိုင်ငံတွေမှာ မကြာခဏဖြစ်ပွားခဲ့ပြီး အထူးသဖြင့် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနဲ့ ယူဂန္ဓာနိုင်ငံတို့မှာ အများဆုံးဖြစ်ပွားကြောင်း တွေ့ရှိရပါတယ်။

၂၀၁၄-၂၀၁၆ ခုနှစ်အတွင်း ဖြစ်ပွားခဲ့တဲ့ အနောက်အာဖရိက အီဘိုလာကပ်ရောဂါဟာ သမိုင်းတစ်လျှောက် အကြီးမားဆုံး အီဘိုလာဖြစ်ပွားမှုအဖြစ် မှတ်တမ်းဝင်ထားကာ ကူးစက်ခံရသူအရေအတွက် သောင်းနဲ့ချီရှိခဲ့ပြီး သေဆုံးသူအရေအတွက် ၁၁၀၀၀ ကျော်အထိ ရှိခဲ့တယ်လို့ ခန့်မှန်းပြောဆိုကြပါတယ်။ ၂၀၁၈ မှ ၂၀၂၀ ပြည့်နှစ်အတွင်း ကွန်ဂိုအရှေ့ပိုင်း ကီဗူး(Kivu) ဒေသမှာ ဖြစ်ပွားခဲ့တဲ့ ကပ်ရောဂါကလည်း ရောဂါဖြစ်ပွားသူ ၃၄၇၀ နဲ့ သေဆုံးသူ ၂၂၀၀ ကျော်ရှိခဲ့ပြီး ဒုတိယအကြီးဆုံး ဖြစ်ပွားမှုအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။ ၂၀၂၂-၂၀၂၃ ခုနှစ် ဆူဒန် အီဘိုလာကပ်ရောဂါအတွင်း ရောဂါဖြစ်ပွားသူ ၁၆၄ ဦးနဲ့ သေဆုံးသူ ၇၇ ဦး ရှိခဲ့ပါတယ်။

## လက်ရှိဖြစ်ပွားမှုအခြေအနေ

အီဘိုလာရောဂါဟာ ယနေ့အထိ အာဖရိကရဲ့ အချို့ဒေသတွေမှာ အခါအားလျော်စွာ ဖြစ်ပွားလျက်ရှိပြီး ယခုအခါကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနဲ့ ယူဂန္ဓာနိုင်ငံမှာ အဓိကဖြစ်ပွားနေခြင်း ဖြစ်ပါတယ်။ WHO ရဲ့ အဆိုအရ ၂၀၂၆ ခုနှစ် မေလ ၅ ရက်နေ့မှာ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံရဲ့ အရှေ့မြောက်ပိုင်း အီတူရီစီရင်စု (Ituri Province) မှာ သေဆုံးနှုန်းမြင့်မားသော မသိရသေးတဲ့ ရောဂါတစ်မျိုးဖြစ်ပွားနေကြောင်းနဲ့ ၂၀၂၆ ခုနှစ် မေလ ၁၅ ရက်နေ့မှာတော့ ဓာတ်ခွဲခန်းအတည်ပြုချက်အရ "ဘွန်ဒီဘူဂျို"(Bundibugyo strain)လို့ ခေါ်တဲ့ အီဘိုလာမျိုးကွဲသစ်ဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့ပါတယ်။ ရောဂါဖြစ်ပွားမှုက လျင်မြန်စွာ တိုးပွားလာနေခဲ့ပြီး ကွန်ဂိုအရှေ့ပိုင်းနဲ့ ယူဂန္ဓာနိုင်ငံတို့မှာ မေလ ၁၉ ရက်နေ့အထိ သံသယလူနာ ၆၀၀ ကျော်နဲ့ သေဆုံးသူ ၁၃၄ ဦးအထိ ရှိလာခဲ့ပြီဖြစ်ပါတယ်။

ကွန်ဂိုကျန်းမာရေးဝန်ကြီးဌာနရဲ့ အချက်အလက်တွေအရ အဆိုပါ ဗိုင်းရပ်စ်ကူးစက်ခံရသူတွေမှာ သေဆုံးနိုင်ခြေ ၅၀ ရာခိုင်နှုန်းခန့်အထိ ရှိနေကြောင်း သိရှိရပါတယ်။ လက်ရှိရောဂါဖြစ်ပွားမှုဟာ အထူးစိုးရိမ်ဖွယ်ဖြစ်လာရတဲ့ အကြောင်းရင်းတွေက ယခုဖြစ်ပွားနေတဲ့ အီဘိုလာဗိုင်းရပ်စ်မျိုးကွဲသစ် "ဘွန်ဒီဘူဂျို"အတွက် အသိအမှတ်ပြုကာကွယ်ဆေးမရှိသေးခြင်း၊ အီဘိုလာဗိုင်းရပ်စ်ရောဂါအတွက် တိကျတဲ့ ကုသဆေးမရှိသေးခြင်း၊ မြို့ပြဒေသတွေအထိ ပျံ့နှံ့လာခြင်း၊ ကျန်းမာရေးဝန်ထမ်းတွေ ကူးစက်ခံရခြင်းနဲ့ ဒေသတွင်း လက်နက်ကိုင်ပဋိပက္ခတွေ ဖြစ်ပွားနေတဲ့ နေရာတွေမှာ အဓိကဖြစ်ပွားနေလို့ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ဖို့ ခက်ခဲနေခြင်းတို့ပဲ ဖြစ်ပါတယ်။ ကွန်ဂိုနိုင်ငံမှာ သမိုင်းတစ်လျှောက် အီဘိုလာကူးစက်မှုဖြစ်ပွားမှုဟာ ယခုအကြိမ်အပါအဝင် ၁၇ ကြိမ်ရှိပြီဖြစ်ပြီး ယခုအကြိမ်ဟာ ကနဦးတွေ့ရှိထားတာထက် ပိုမိုကျယ်ပြန့်တဲ့ဒေသတွင်း ကူးစက်မှုဖြစ်လာနိုင်ခြေရှိကြောင်း WHO က သတိပေးထားပါတယ်။

## အီဘိုလာဗိုင်းရပ်စ်ဆိုင်ရာ အချက်အလက်များ

အီဘိုလာဗိုင်းရပ်စ်ရောဂါရဲ့ ကူးစက်ပုံနည်းလမ်းတွေအနေနဲ့ အဓိကအားဖြင့် ရောဂါပိုးရှိတဲ့ တိရစ္ဆာန်တွေကို ထိတွေ့ကိုင်တွယ်မိခြင်း၊ ရောဂါရှိသူရဲ့ သွေး၊ ခန္ဓာကိုယ်အရည်တွေနဲ့ ထိတွေ့မိခြင်း၊ ရောဂါပိုးကပ်ညိနေတဲ့ အရာဝတ္ထုတွေ၊ ရောဂါကြောင့် သေဆုံးတဲ့ ရုပ်အလောင်းတွေကို ထိတွေ့ကိုင်တွယ်မိခြင်း၊ ရောဂါပြုစုကုသမှုလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ လုံလောက်တဲ့ အကာအကွယ်အသုံးမပြုခြင်းတို့ကြောင့် ကူးစက်ခံရနိုင်ပါတယ်။

အီဘိုလာဗိုင်းရပ်စ်ရောဂါရဲ့ ရောဂါပျိုးကာလမှာ ဗိုင်းရပ်စ်ကူးစက်ခံရပြီးနောက် ရောဂါလက္ခဏာတွေ စတင်ပေါ်ပေါက်လာတဲ့အထိ ပုံမှန်အားဖြင့် နှစ်ရက်မှ ၂၁ ရက်အတွင်း ကြာမြင့်နိုင်ပါတယ်။ အများအားဖြင့် ရှစ်ရက်မှ ၁၀ ရက်အတွင်း ရောဂါလက္ခဏာတွေ ပေါ်လာတတ်ပါတယ်။

အီဘိုလာဗိုင်းရပ်စ်ရောဂါဟာ အစပိုင်းမှာ သာမန်ဗိုင်းရပ်စ်ဖျားနာရောဂါများနဲ့ ဆင်တူနိုင်ပေမယ့် နောက်ပိုင်းမှာ ပြင်းထန်တဲ့ သွေးယိုဖျားနာအခြေအနေအထိ ရောက်ရှိလာနိုင်ပါတယ်။ အစောပိုင်း ရောဂါလက္ခဏာတွေမှာ အဖျားမြင့်တက်ခြင်း၊ အလွန်ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားနဲ့ အဆစ်အမြစ်တွေ ကိုက်ခဲခြင်း၊ လည်ချောင်းနာခြင်းတို့ဖြစ်ပြီး နောက်ပိုင်းမှာ အန်ခြင်း၊ ဝမ်းလျှောခြင်း၊ ဗိုက်နာခြင်း၊ အစာမဝင်ခြင်း၊ အရေပြားအဖုအပိမ့်တွေ ဖြစ်ပေါ်ခြင်း၊ အသည်းနဲ့ ကျောက်ကပ်လုပ်ငန်းတွေ ထိခိုက်ပျက်စီးခြင်း၊ ပါးစပ်၊ နှာခေါင်းနဲ့ အစာအိမ်အူလမ်းကြောင်းကနေ သွေးယိုခြင်း၊ ကိုယ်တွင်းအင်္ဂါတွေ ပျက်စီးခြင်း၊ သွေးပေါင်ကျခြင်း၊ သတိလစ်ခြင်းနဲ့ သွေးလန့်ခြင်း စတာတွေ ဖြစ်ပွားတတ်ပါတယ်။ အီဘိုလာဗိုင်းရပ်စ်ရောဂါဟာ အလွန်ပြင်းထန်တဲ့ ဗိုင်းရပ်စ်ရောဂါအမျိုးအစားဖြစ်ပြီး သေဆုံးမှုနှုန်း မြင့်မားပါတယ်။

## ကာကွယ်ရန်နည်းလမ်းများ

အီဘိုလာဗိုင်းရပ်စ်ရောဂါဟာ တစ်ဦးနဲ့ တစ်ဦး တိုက်ရိုက်ထိတွေ့မှုကနေတစ်ဆင့် ကူးစက်တဲ့ ရောဂါဖြစ်တာကြောင့် အရေးကြီးတဲ့ ကာကွယ်ထိန်းချုပ်ရေးနည်းလမ်းတွေကတော့ ကူးစက်ခံရတဲ့ တိရစ္ဆာန်တွေကို ထိတွေ့မှုမှ ရှောင်ရှားခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး လိုက်နာဆောင်ရွက်ခြင်း၊ ရောဂါဖြစ်ပွားသူနဲ့ ထိတွေ့မှုရှောင်ကြဉ်ခြင်း စသဖြင့် သတိထားဆောင်ရွက်ဖို့ လိုပါတယ်။ တခြားသော အီဘိုလာမျိုးကွဲတွေအတွက် WHO က အသိအမှတ်ပြုထားတဲ့ ကာကွယ်ဆေးတွေရှိပေမယ့် လက်ရှိဖြစ်ပွားနေတဲ့ "ဘွန်ဒီဘူဂျို" မျိုးကွဲသစ်အတွက်ကတော့ ကာကွယ်နိုင်ခြင်း မရှိသေးပါဘူး။ အဲဒီမျိုးကွဲသစ်အတွက် ကာကွယ်ဆေးအသစ်ထုတ်လုပ်ရန်ကလည်း လအတန်ကြာ ကြာမြင့်နိုင်ကြောင်း သိရပါတယ်။

## တုံ့ပြန်ဆောင်ရွက်ချက်များ

ရောဂါစောင့်ကြည့်ရေးစနစ်တွေ အားကောင်းစေဖို့၊ ဓာတ်ခွဲခန်းစွမ်းရည်မြှင့်တင်ဖို့၊ သီးခြားကုသရေးဌာနတွေ ပြင်ဆင်ထားဖို့၊ တစ်ကိုယ်ရေသုံး အကာအကွယ်ဝတ်စုံ(PPE)နဲ့ ပိုးသတ်ဆေးတွေ လုံလောက်စွာ သိုလှောင်ထားဖို့နဲ့ ကျန်းမာရေးဝန်ထမ်းတွေကို လေ့ကျင့်သင်ကြားပေးဖို့ လိုအပ်ကြောင်း WHO က အကြံပြုထားပါတယ်။ ဒါ့အပြင် အီဘိုလာဗိုင်းရပ်စ်ရောဂါဟာ အာဖရိကနိုင်ငံတွေမှာ အဓိကဖြစ်ပွားတဲ့ ပြင်းထန်ကူးစက်ရောဂါဖြစ်ပေမယ့် နိုင်ငံတကာခရီးသွားလာမှုနဲ့ ဆက်သွယ်မှုတွေကတစ်ဆင့် တခြားသော ကမ္ဘာ့ဒေသတွေကို ကူးစက်ပျံ့နှံ့နိုင်ခြေများတာကြောင့် စောင့်ကြည့်ဆောင်ရွက်ဖို့လည်း အရေးကြီးကြောင်း အကြံပြုထားပါတယ်။

အချုပ်ဆိုရပါမူ အီဘိုလာဗိုင်းရပ်စ်ရောဂါဟာ သေဆုံးမှုနှုန်းမြင့်မားတဲ့ ကူးစက်ရောဂါတစ်မျိုးဖြစ်တာကြောင့် ကမ္ဘာတစ်ဝန်းရှိ ပြည်သူ့ကျန်းမာရေးလုံခြုံမှုကို ကြီးမားစွာ ခြိမ်းခြောက်နိုင်တဲ့ ရောဂါတစ်မျိုးအဖြစ် သတ်မှတ်နိုင်ပါတယ်။ ယခုအခါ အီဘိုလာဗိုင်းရပ်စ်ရောဂါဟာ အာဖရိကတိုက် (အထူးသဖြင့် အနောက်အာဖရိကနဲ့ ကွန်ဂိုဒေသ) မှာ အဓိကဖြစ်ပွားလျက်ရှိပေမယ့် ယနေ့ခေတ်လို ကမ္ဘာလှည့်ခရီးသွားလာမှု လွယ်ကူမြန်ဆန်လာတဲ့ အခြေအနေမှာ ဘယ်နိုင်ငံကိုမဆို ကူးစက်ပြန့်ပွားလာနိုင်တဲ့ အန္တရာယ်ကို လျစ်လျူရှုလို့ မရတော့ပါ။ ဒါကြောင့် လူသားတို့ရဲ့ ကျန်းမာရေးလုံခြုံမှုကို ကာကွယ်ရန်မှာ နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုတည်းရဲ့ တာဝန်မဟုတ်ဘဲ ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းကြိုးပမ်းမှုက အရေးကြီးပါကြောင်း ရေးသားလိုက်ရပါတယ်။ ။

**"အီဘိုလာဗိုင်းရပ်စ်ရောဂါဟာ အစပိုင်းမှာ သာမန်ဗိုင်းရပ်စ်ဖျားနာရောဂါများနဲ့ ဆင်တူနိုင်ပေမယ့် နောက်ပိုင်းမှာ ပြင်းထန်တဲ့ သွေးယိုဖျားနာအခြေအနေအထိ ရောက်ရှိလာနိုင်ပါတယ်။ အစောပိုင်းရောဂါလက္ခဏာတွေမှာ အဖျားမြင့်တက်ခြင်း၊ အလွန်ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားနဲ့ အဆစ်အမျက်တွေ ကိုက်ခဲခြင်း၊ လည်ချောင်းနာခြင်းတို့ဖြစ်ပြီး နောက်ပိုင်းမှာ အန်ခြင်း၊ ဝမ်းလျှောခြင်း၊ ဗိုက်နာခြင်း၊ အစာမဝင်ခြင်း၊ အရေပြားအဖုအပိမ့်တွေ ဖြစ်ပေါ်ခြင်း၊ အသည်းနဲ့ ကျောက်ကပ်လုပ်ငန်းတွေ ထိခိုက်ပျက်စီးခြင်း၊ ပါးစပ်၊ နှာခေါင်းနဲ့ အစာအိမ်အူလမ်းကြောင်းကနေ သွေးယိုခြင်း၊ ကိုယ်တွင်းအင်္ဂါတွေ ပျက်စီးခြင်း၊ သွေးပေါင်ကျခြင်း၊ သတိလစ်ခြင်းနဲ့ သွေးလန့်ခြင်း စတာတွေ ဖြစ်ပွားတတ်ပါတယ်။ အီဘိုလာဗိုင်းရပ်စ်ရောဂါဟာ အလွန်ပြင်းထန်တဲ့ ဗိုင်းရပ်စ်ရောဂါအမျိုးအစားဖြစ်ပြီး သေဆုံးမှုနှုန်း မြင့်မားပါတယ်"**

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မော်လမြိုင် မေ ၂၄**

မွန်ပြည်နယ်ငါးလုပ်ငန်းစခန်း(သထုံ)၌ မေ ၂၀ ရက်က ပြည်နယ်စိုက်ပျိုး



ရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမင်းမြင့်မောင်လေးသည် ပြည်နယ်အတွင်း ရေချိုငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ဆောင်နိုင်ရေး၊ ငါးစားသုံးမှုဖူလုံပိုလျှံမှုရှိစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်စေရေး၊ ငါးသားပေါက်စခန်းမှ သင်တန်းသားများခေါ်ယူ၍ အခြားမြို့နယ်များ၌လည်း ပြန်လည်ဖွင့်လှစ်နိုင်ရေး မှာကြားကာ ပြည်နယ်ငါးလုပ်ငန်းစခန်း၏ ရေချိုငါးမွေးမြူရေးကန်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပေါင်မြို့နယ် ကျုံကဥယျာဉ်ခြံသို့သွားရောက်ပြီး မျိုးကောင်းမျိုးသန့်ပျိုးပင်များထုတ်လုပ်၍ တောင်သူလက်ဝယ်အရောက် ဖြန့်ဖြူးပေးရေး၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရရှိရေး၊ တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြစေရန် မှာကြားခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

## ဘီးလင်းမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်

**ဘီးလင်း မေ ၂၄**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ဇုတ်သုတ်တိုက်နယ်ပြည်သူ့ဆေးရုံ၌ မွန်ပြည်နယ်ကုသရေးဦးစီးဌာနနှင့် သထုံခရိုင်ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ ဘီးလင်းမြို့နယ်ကျန်းမာရေးဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မွန်ပြည်နယ် ကုသရေးဦးစီးဌာနမှ ဒေါက်တာဝါဝါယဉ် ဒုတိယညွှန်ကြားရေးမှူး(ကုသရေး)နှင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများက အထွေထွေရောဂါခွဲစိတ်ကုသပေးခြင်း၊ သွားနှင့်ခံတွင်းကုသပေးခြင်း၊ သားဖွားမီးယပ်ရောဂါ ကုသပေးခြင်း၊ ကလေးသီးသန့်ကုသခြင်း၊ ဓာတ်မှန်ရိုက်ပေးခြင်းနှင့် အထွေထွေရောဂါများ အခမဲ့ကုသပေးခြင်းကို ဆောင်ရွက်ပေးခဲ့ရာ ဇုတ်သုတ်



ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဆေးကုသမှုလာရောက်ခံယူသူ ၃၇၂ ဦးရှိကြောင်း သိရသည်။

ဘီးလင်း(ပြန်/ဆက်)

## လက်ပံတန်း၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်



**လက်ပံတန်း မေ ၂၄**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ အခြေခံပညာကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိရာ လက်ပံတန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဇော်ဝင်း ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့ဝင်များ ပူးပေါင်းပြီး ယမန်နေ့က အထက(၁)ကျောင်းဝင်းအတွင်း အဘိတ်ဆေးခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဘိုကလေးမြို့နယ်၌ ကျေးရွာသစ်လွှုပ်ရှားမှု စီမံကိန်းရန်ပုံငွေများ ထောက်ပံ့ပေးအပ်

**ဘိုကလေး မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် သကံဝကျေးရွာအုပ်စု တယ်ပင်(၃)ကျေးရွာတွင် စီမံကိန်းဒုတိယနှစ်ကာလအတွက် ဝင်ငွေတိုးပွားရေးကဏ္ဍမှ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီမံကိန်းထောက်ပံ့ငွေများ ပေးအပ်သည့်အခမ်းအနားကို ယမန်နေ့က အဆိုပါကျေးရွာ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်က ကျေးရွာအနေဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းပြောကြားပြီး ကျေးရွာသူကျေးရွာသားများအား ရန်ပုံငွေများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)



## ချောက်မြို့နယ်၌ ကျွဲ၊ နွားရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေး

**ချောက် မေ ၂၄**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ချောင်းတက်ကျေးရွာ၌ ကျွဲ၊ နွား ပေါင်ပုပ်လက်ပုပ်ရောဂါနှင့် ထောင့်သန်းရောဂါကာကွယ်ဆေးများ



အခမဲ့ထိုးနှံခြင်း၊ အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများကို ယနေ့နံနက်ပိုင်းက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာလောဟာခွီရှိန်း ဦးဆောင်ပြီး ဝန်ထမ်းများက ချောင်းတက်ကျေးရွာရှိ ကျွဲ၊ နွားမွေးမြူသူတောင်သူများအား တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအကြောင်းများ အသိပညာပေးဟောပြောခြင်းနှင့် မွေးမြူရေးအသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပြီး ချောင်းတက်ကျေးရွာ တောင်သူ ၁၁၀ ၏ မွေးမြူထားရှိသည့် နွားကောင်ရေ ၁၉၆ ကောင်ကို ကျွဲ၊ နွားပေါင်ပုပ်လက်ပုပ်ရောဂါနှင့် ထောင့်သန်းရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျော်မိုး(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ဗိုလ်မှူးဖိုးကွန်းလမ်းနှင့် ရန်ကုန်-မန္တလေးလမ်းဆုံ မင်းကြီးညိုရုပ်တုဘေး၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်ကျောင်းအပ်နှံရေး သီတင်းပတ်လှုပ်ရှားမှု "နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့"မြေစိုက်ပိုစတာစိုက်ထူခြင်းအခမ်းအနားကို မေ ၂၁ ရက်က ကျင်းပရာ တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ဆောင်ရွက်စဉ်။

ဇော်ကိုကို(တောင်ငူ)



## သာယာဝတီ၌ ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေး ကျေးရွာမြေတိုင်းတာခြင်းလုပ်ငန်းများဆောင်ရွက်

**သာယာဝတီ မေ ၂၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ဂုံမင်းမြောင်ကျေးရွာအုပ်စု တာပိုင်းကျေးရွာ ပြည်ကျော်ဆန်စက်ခန်းမ၌ မြေငှားဂရန် ထုတ်ပေးနိုင်ရေး ကျေးရွာမြေတိုင်းတာခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က သာယာဝတီမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆန်းဟိုနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံ၍ ခိုင်မာသည့် အထောက်အထား မြေငှားဂရန်ရရှိခြင်းအားဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

သန့်ဇော်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် မလက်တိုရဲကင်းစခန်းအပိုင်အတွင်း မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောပွဲကို မေ ၂၄ ရက်က မလက်တိုကျေးရွာအုပ်စု လက်ပံကုန်းကျေးရွာ စတုဘုမ္မိကမဟာသတိပဋ္ဌာန်ကျောင်းတိုက်အတွင်း ကျင်းပရာ မအူပင်မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးခင်မောင်ညွန့်၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး မင်းမြတ်စောဝင်း၊ အမှတ် (၈၂)ယာဉ်ထိန်းရဲတပ်ဖွဲ့စု ဒုတိယရဲမှူး မိုးမြင့်ကို၊ မလက်တိုရဲကင်းစခန်းမှူး ဒုတိယရဲအုပ် အောင်ကိုဝင်း၊ မလက်တိုကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်တို့က ဒေသခံပြည်သူများအား ဟောပြောစဉ်။

အောင်မြင့်မြတ်(ပြန်/ဆက်)

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်**
**အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပါ။**

# အခြေခံပညာကျောင်းများ၌ သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုမြင်ကွင်း

နေပြည်တော်  မေ  ၂၄

နိုင်ငံတစ်ဝန်းရှိ ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအတွက်  မေ ၂၃ ရက် နံနက်ပိုင်းက ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်မိခင်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ ပူးပေါင်း၍  သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ချုံပင်၊ နွယ်ပင်နှင့် မြက်ပင်များ ရှင်းလင်းခြင်း၊ တံမြက်စည်းလှည်းခြင်း၊ အမှိုက်သရိုက်များရှင်းလင်းပေးခြင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်သယ်ယာဉ်ဖြင့် အမှိုက်များ သယ်ယူစွန့်ပစ်ပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့သည်။

တီးတိန်မြို့



မြို့နယ်(ပြန်/ဆက်)

အိမ်မဲမြို့နယ်



ချစ်သက်လယ်(ပြန်/ဆက်)

ချောင်းဦးမြို့



ဝင်းမြင့်အောင်(ပြန်/ဆက်)

ဘုတ်ပြင်းမြို့



မြို့နယ်(ပြန်/ဆက်)

လှိုင်လင်မြို့



လှိုင်လင်မိုး

မုံရွာမြို့



ခရိုင်(ပြန်/ဆက်)

ကျိုက်ထိုမြို့နယ်



ပြည့်ဖြိုး(ပြန်/ဆက်)

မောက်မယ်မြို့နယ်



စိုင်းမျိုးသန့်(မောက်မယ်)

မတ္တရာမြို့နယ်



ရွှေရာသား

မိုင်းယောင်းမြို့နယ်



မြို့နယ်(ပြန်/ဆက်)

ဝေါမြို့နယ်



အာကာ(ပြန်/ဆက်)

ဟိုပုံးမြို့နယ်



ပအိုဝ်းဒေသ(ပြန်/ဆက်)

ချောင်းသာမြို့



မျိုးဝင်း(ပြန်/ဆက်)

ဒိုလမ်မြို့



ကျော်ဇင်(ပြန်/ဆက်)

ကြံခင်းမြို့



ဖြိုးဝေလင်း(ပြန်/ဆက်)

သထုံမြို့နယ်



ခရိုင်(ပြန်/ဆက်)

# မသန်စွမ်းသက်ငယ်သင်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(ရန်ကုန်)နှင့် မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(မန္တလေး) တို့တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများတွင် တက်ရောက်နိုင်ခြင်းမရှိသော အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

**သတ်မှတ်ချက်များ**

၁။ လက်ခံနိုင်သည့် ကိုယ်အင်္ဂါနှင့် ဉာဏ်ရည်မသန်စွမ်းမှုအမျိုးအစားများ
(က) Down Syndrome
(ခ) Autism
(ဂ) Attention Deficit Hyper Activity Disorder (ADHD)
(ဃ) Global Developmental Delay (GDD)
(င) အခြားဉာဏ်ရည်မသန်စွမ်းမှုအမျိုးအစားများ
(စ) ခြေလက်မပြည့်စုံသူ (Amputee)
(ဆ) သူငယ်နာအကြောတင်း (Cerebral Palsy)
၂။ အသက် (၆) နှစ်မှ (၁၈) နှစ်အတွင်းရှိသူဖြစ်ရမည်။
၃။ အိမ်ထောင်မရှိဖူးသူ (လူပျို/အပျို) ဖြစ်ရမည်။
၄။ ကျား/မ၊ လူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေး လျှောက်ထားနိုင်သည်။
၅။ မိဘ (သို့မဟုတ်) အုပ်ထိန်းသူကိုယ်တိုင်ကျောင်းအပ်နှံပြီး ကျောင်းသား/သူများပါ တစ်ပါတည်း ခေါ်ဆောင်၍ အပ်နှံရမည်။

**ကျောင်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ**

၁။ ကလေး၏ ပတ်စ်ပို့ခတ်ပုံ (၄) ပုံ၊ မွေးစာရင်း မူရင်းနှင့် မိတ္တူ
၂။ အိမ်ထောင်စုဇယား မူရင်းနှင့် မိတ္တူ
၃။ သတ်မှတ်ထားသောရောဂါအမည် (Diagnosis) မိတ္တူ
၄။ ကျန်းမာရေးနှင့် ပတ်သက်သော ဆေးမှတ်တမ်းများ

ကျောင်းသား၊ ကျောင်းသူဟောင်းများအား မေလဆန်း၊ တတိယပတ်တွင် ကျောင်းအပ်လက်ခံမည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူသစ်များအား မေလ၊ စတုတ္ထပတ်မှစ၍ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ပါသည်။ ရွေးချယ်ခံရသူသည် ဖွံ့ဖြိုးမှုနယ်ပယ် (၅) ရပ်အပြင် မိမိတို့၏ တစ်နေ့တာလုပ်ဆောင်မှုများအား လေ့ကျင့်သင်ကြားရမည်ဖြစ်ပါသည်။

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊ အမှတ်-၆၅၊ ကျိုက်ဝိုင်းဘုရားလမ်း၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့သို့လည်းကောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း အမှတ် (၂၆) ဘီလမ်း၊ ၅၈ x ၅၉ လမ်းကြား၊ မဟာဇေယျာဘုံရပ်ကွက်၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့သို့လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊တိုင်းဒေသကြီး/ ပြည်နယ်များရှိ လူမှုဝန်ထမ်းရုံးများမှတစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်ပါသည်။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း ၀၆၇-၄၀၄၂၅၂၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(ရန်ကုန်) ဖုန်း ၀၉-၄၄၈၀၁၉၀၅၀၊ ၀၉-၂၅၀၀၈၇၂၂၉၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (မန္တလေး) ဖုန်း ၀၉-၄၀၀၄၀၇၅၄၂၊ ၀၉-၄၀၂၅၈၃၂၁၆ (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

# မျက်မမြင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းနှင့် စစ်ကိုင်းမျက်မမြင်ကျောင်းတို့တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်သည်-

**သတ်မှတ်ချက်များ**

၁။ လက်ခံနိုင်သည့် မျက်မမြင်အမျိုးအစား
(က) လုံးဝမမြင်သူများ
(ခ) အနည်းငယ်မြင်သူများ (အမြင်အားဖြင့် ၁/၁၀ ထက်မပိုရ)
(ဂ) ကုသ၍ မရနိုင်သည့် မျက်မမြင်များ
၂။ စာပေနှင့်အသက်မွေးဝမ်းကျောင်းပညာများကို သင်ယူလိုစိတ်ရှိသူဖြစ်ရမည်။
၃။ အသက် (၆) နှစ်မှ (၁၈) နှစ်အတွင်းရှိသူဖြစ်ရမည်။
၄။ အမြင်အာရုံမသန်စွမ်းမှုမှလွဲ၍ ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
၅။ မိဘ (သို့မဟုတ်) အုပ်ထိန်းသူရှိရမည်။
၆။ အိမ်ထောင်မရှိဖူးသူ (လူပျို/အပျို) ဖြစ်ရမည်။
၇။ ကျား/မ၊ လူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေး လျှောက်ထားနိုင်သည်။

**ကျောင်းအပ်နှံရာတွင်လိုအပ်သည့်အချက်များ**

၁။ ကလေး၏ ပတ်စပို့ခတ်ပုံ (၄) ပုံ၊ မွေးစာရင်း မူရင်းနှင့် မိတ္တူ
၂။ မိဘ(၂)ဦး မှတ်ပုံတင် မူရင်းနှင့် မိတ္တူ
၃။ အိမ်ထောင်စုဇယား မူရင်းနှင့် မိတ္တူ
၄။ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ရပ်ကွက်တွင်နေထိုင်ကြောင်း ထောက်ခံချက်
၅။ သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဌာန၏ ကူးစက်ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း (အမှတ်-၁၃၂၊ ပန်းပင်ကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့)သို့လည်းကောင်း၊ စစ်ကိုင်းမျက်မမြင်ကျောင်း (အမှတ် ၆/၂၈ မြို့သစ်ရပ်ကွက်၊ မရှိခဏဘုရားအနီး၊ စစ်ကိုင်းမြို့) သို့လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ လူမှုဝန်ထမ်းရုံးများမှ တစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်ပါသည်။ စာပေပညာရပ်၊ အသက်မွေးဝမ်းကျောင်းပညာရပ် တက်ရောက်ခွင့်ရရှိပါက ကျောင်းသား/သူများ၏ စားသောက်နေထိုင်ရေးကို နိုင်ငံတော်က တာဝန်ယူမည်ဖြစ်ပြီး ကျောင်းဝင်ကြေးနှင့် ကျောင်းလခပေးသွင်းရန် မလိုပါ။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း- ၀၆၇-၄၀၄၂၅၂၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း ဖုန်း- ၀၉-၂၅၇၃၃၈၄၇၉၊ ၀၉-၄၂၀၁၃၈၆၆၀ နှင့် စစ်ကိုင်းမျက်မမြင်ကျောင်း ဖုန်း-၀၉-၄၀၂၆၄၅၁၇၃၊ ၀၉-၂၅၉၂၀၉၄၂၈ တို့ကို (ရုံးချိန်အတွင်း)ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

# နားမကြားသောကလေးများကျောင်းမှ ကျောင်းသား၊ ကျောင်းသူများခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ နားမကြားသောကလေးများကျောင်း(ရန်ကုန်)နှင့် နားမကြားသောကလေးများကျောင်း (မန္တလေး) တို့တွင်၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်သည်-

**သတ်မှတ်ချက်များ**

၁။ အကြားအာရုံ ချို့ယွင်းအားနည်းသူ ဖြစ်ရမည်။
၂။ အသက်(၆)နှစ်မှ (၁၈)နှစ်အတွင်း ရှိသူဖြစ်ရမည်။
၃။ အကြားအာရုံ ချို့ယွင်းအားနည်းမှုမှလွဲ၍ ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။
၄။ စာပေနှင့် အသက်မွေးဝမ်းကျောင်းပညာများကို သင်ယူလိုစိတ်ရှိသူ ဖြစ်ရမည်။
၅။ အိမ်ထောင်မရှိဖူးသူ (လူပျို/အပျို) ဖြစ်ရမည်။
၆။ ကျား/မ ၊ လူမျိုးနှင့် ကိုးကွယ်ရာ ဘာသာမရွေး လျှောက်ထားနိုင်သည်။
၇။ ကျောင်းအပ်နှံပါက မိဘ(သို့မဟုတ်) အုပ်ထိန်းသူကိုယ်တိုင် လာရောက်အပ်နှံရမည်။

**ကျောင်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ**

၁။ ကလေး၏ ပတ်စ်ပို့ခတ်ပုံ (၄)ပုံ ၊ မွေးစာရင်း မူရင်းနှင့် မိတ္တူ
၂။ မိဘ (၂) ဦး မှတ်ပုံတင် မူရင်းနှင့် မိတ္တူ
၃။ အိမ်ထောင်စုဇယား မူရင်းနှင့် မိတ္တူ
၄။ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ရပ်ကွက်တွင်နေထိုင်ကြောင်းထောက်ခံချက်
၅။ သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဌာန၏ ကူးစက်ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်
၆။ အကြားအာရုံချို့ယွင်းမှုတိုင်းတာစစ်ဆေးပြီးသည့် နားကြားနှုန်း( Audiograph dB) စာရွက်စာတမ်း

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ နားမကြားသောကလေးများကျောင်း ၊ အမှတ်-၃၄ ၊ F, G၊ အိုးစု(၃)လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့သို့လည်းကောင်း၊ နားမကြားသော ကလေးများကျောင်း၊ အကွက်-၈၅၈၊ ချမ်း/တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့သို့လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ လူမှုဝန်ထမ်းရုံးများမှတစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်ပါသည်။ စာပေပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်တက်ရောက်ခွင့်ရရှိပါက သွားလာရေးခက်ခဲသောဒေသများမှ နားမကြားကျောင်းသား/သူများ၏ စားသောက်နေထိုင်ရေးကို နိုင်ငံတော်က တာဝန်ယူမည်ဖြစ်ပြီး ကျောင်းဝင်ကြေးနှင့် ကျောင်းလခပေးရန်မလိုပါ။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်းနံပါတ် ၀၆၇- ၄၀၄၂၅၂၊ နားမကြားသောကလေးများကျောင်း (ရန်ကုန်) ဖုန်းနံပါတ် ၀၁- ၉၅၄၈၈၇၂၊ ၀၉ - ၂၅၀၀၇၇၂၆၈ နှင့် နားမကြားသောကလေးများကျောင်း(မန္တလေး) ဖုန်းနံပါတ် ၀၉ - ၄၀၂၆၆၂၆၈၉၊ ၀၉-၄၅၉၇၆၀၅၁၆ တို့ကို (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

## အင်ဒိုနီးရှားနိုင်ငံ၏ အာဟာရပြည့်အစားအစာကျွေးမွေးရေးအစီအစဉ်က လူပေါင်း ၆၂ ဒသမ ၄ သန်းကျော်အထိ အကျိုးခံစားခွင့်ရှိလာ

**ဂျကာတာ မေ ၂၄**

အင်ဒိုနီးရှားနိုင်ငံ၏ အာဟာရပြည့်အစားအစာ ကျွေးမွေးရေးအစီအစဉ်သည် ကျောင်းသား ကျောင်းသူများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်များအပါအဝင် နိုင်ငံတစ်ဝန်းရှိ လူပေါင်း ၆၂ ဒသမ ၄ သန်းကျော် အကျိုးခံစားခွင့်ရှိလာပြီဖြစ်ကြောင်း မေ ၂၃ ရက်တွင် ထုတ်ပြန်သော အစိုးရအချက်အလက်များအရ သိရသည်။

အင်ဒိုနီးရှားအစိုးရသည် အသက်ငယ်ရွယ်ချိန်မှစတင်ကာ အမျိုးသားအဆင့် အာဟာရဖွံ့ဖြိုးမှု အားကောင်းစေရန်နှင့် လူသားအရင်းအမြစ် အရည်အသွေးမြှင့်တင်နိုင်ရန် အာဟာရပြည့်အစားအစာ ကျွေးမွေးရေးအစီအစဉ်ကို ဆက်လက်တိုးချဲ့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမျိုးသားအဆင့်အာဟာရဆိုင်ရာအေဂျင်စီက ပြောသည်။

အကျိုးခံစားခွင့်ရှိသူများအနက် ကျောင်းသားကျောင်းသူများ အများဆုံးဖြစ်ပြီး စုစုပေါင်း ၄၈ ဒသမ ၃၅ သန်းရှိကြောင်း၊ ယင်းပမာဏမှာ အင်ဒိုနီးရှားတစ်နိုင်ငံလုံးရှိ ကျောင်းသား ကျောင်းသူစုစုပေါင်း၏ ၇၆ ဒသမ ၁ ရာခိုင်နှုန်းအထိရှိကြောင်း အဆိုပါ အေဂျင်စီက ပြောသည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင်စတင်ခဲ့သော အဆိုပါအစီအစဉ်သည် အင်ဒိုနီးရှားနိုင်ငံတစ်ဝန်းရှိ လုပ်ငန်းလည်ပတ်သော အာဟာရဆိုင်ရာ ဝန်ဆောင်မှုဌာနပေါင်း ၂၉၀၀၀ ခန့်မှတစ်ဆင့် ထမင်းအနပ်ပေါင်း ၈ ဒသမ ၃ ဘီလီယံအထိ ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။



အချက်အလက်များအရ ယင်းအစီအစဉ်သည် စာသင်ကျောင်းပေါင်း ၃၇၀၀၀၀ ကျော်အထိ အကျိုးခံစားခွင့်ရှိကြောင်း၊ အစားအစာပြင်ဆင်ချက်ပြုတ်ခြင်းနှင့် ဖြန့်ဝေဆောင်ရွက်ခြင်းတို့တွင် လုပ်သားပေါင်း ၁ ဒသမ ၂၈ သန်းဖြင့် လုပ်ကိုင်ဆောင်ရွက်ရကြောင်း သိရသည်။

ဆင်ဟွာ

## အီသီယိုးပီးယားလေကြောင်းလိုင်းသည် နှစ်စဉ်ခရီးသည် သန်း ၂၀ ကျော်ကို ပို့ဆောင်ပေးနိုင်

**အဒစ်အဘာဘာ မေ ၂၄**

အီသီယိုးပီးယားလေကြောင်းလိုင်းသည် အာဖရိကအတွင်း ထိပ်တန်းလေကြောင်းလိုင်းအဖြစ် ကြီးထွားလာခဲ့ပြီး လွန်ခဲ့သည့်ရှစ်နှစ် အတွင်း ခရီးသည်အရေအတွက် ၈၀ ရာခိုင်နှုန်း တိုးလာကြောင်း အမှုဆောင်အရာရှိချုပ် မက်စ်ဖင် တက်စ်ဆော်က မေ ၂၂ ရက်တွင် ပြောကြားသည်။

အမျိုးသားလေကြောင်းလိုင်းသည် ယခုအခါ ခေတ်မီလေယာဉ် ၁၄၇ စင်းရှိ၍ တိုက်ကြီးငါးခုကို ပြေးဆွဲလျက်ရှိပြီး နိုင်ငံတကာခရီးစဉ် ၁၄၅ ခုကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း နိုင်ငံ၏မြို့တော် အဒစ်အဘာဘာ၌ လေကြောင်းလိုင်း၏ နှစ်(၈၀)မြောက် နှစ်ပတ်လည် တစ်လကြာအခမ်းအနား၏ ပိတ်ပွဲအခမ်းအနားတွင် ၎င်းကပြောကြားသည်။




လွန်ခဲ့သည့်ရှစ်နှစ်အတွင်း ခရီးသည်အရေအတွက်မှာ ၈၀ ရာခိုင်နှုန်းအထိ များပြားလာခဲ့ပြီး ကုန်တင်ဝန်ဆောင်မှုများမှာ ၉၇ ရာခိုင်နှုန်း တိုးလာကြောင်း၊ နှစ်စဉ်ဝင်ငွေမှာ ၁၂၀ ရာခိုင်နှုန်းအထိ တိုးလာခဲ့ပြီး အကျိုးအမြတ်မှာ သုံးဆတိုးပွားလာခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ဆက်လက်၍ အဆိုပါလေကြောင်းလိုင်းသည် ယခုအခါ နှစ်စဉ် ခရီးသည် သန်း ၂၀ ကျော်ကို ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အီသီယိုးပီးယားနိုင်ငံ အဒစ်အဘာဘာ ဘိုလီအပြည်ပြည်ဆိုင်ရာလေဆိပ်သည် ခရီးသည်ဝန်ဆောင်မှုပေးနိုင်သည့်ပမာဏမှာ လွန်ခဲ့သည့်ရှစ်နှစ်က ကိုးသန်းမှ ၂၅ သန်း အထိတိုးလာကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

၂၀၃၄ ခုနှစ်တွင် လေကြောင်းလိုင်းသည် ခေတ်မီလေယာဉ်သစ် ၁၁၇ စင်း ထပ်တိုးရန်စီစဉ်ထားပြီး နှစ်စဉ်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၆ ဘီလီယံအထိ တိုးမြင့်လာရန်စီစဉ်လျက်ရှိကြောင်း အီသီယိုးပီးယားလေကြောင်းလိုင်းစီမံခန့်ခွဲရေးဘုတ်အဖွဲ့ဥက္ကဋ္ဌ ရီလ်မာ မာဒါဆာက ပြောကြားသည်။

ဆင်ဟွာ

## အီရတ်နိုင်ငံ၌ လေကြောင်းနှင့် မြေပြင်တိုက်ခိုက်မှုတို့ကြောင့် အိုင်အက်စ် လေးဦး သေဆုံး

**ဘဂ္ဂဒက် မေ ၂၄**

အီရတ်နိုင်ငံမြောက်ပိုင်း ကီကွခ်ပြည်နယ်၌ လေကြောင်းနှင့် မြေပြင်စစ်ဆင်ရေးအတွင်း အိုင်အက်စ် လေးဦးသေဆုံးကြောင်း အီရတ်တပ်မတော်က မေ ၂၃ ရက်တွင် ပြောကြားသည်။

အီရတ် F-16 တိုက်ခိုက်ရေးလေယာဉ်သည် ဝါဒီအယ်လ်ရှေးဒေသ၌ အိုင်အက်စ်တို့ ပုန်းအောင်းရာနေရာကို လေကြောင်းတိုက်ခိုက်မှု နှစ်ခုပြုလုပ်ခဲ့ပြီး ၎င်းတို့၏နေရာကိုလည်း ဖျက်ဆီးခဲ့ကြောင်း အီရတ်ပူးတွဲစစ်ဆင်ရေးဌာနချုပ်၏ လုံခြုံရေးမီဒီယာဆဲလ်က ဆိုသည်။

လေကြောင်းတိုက်ခိုက်မှုလုပ်ဆောင်ပြီးနောက် အီရတ်တပ်မတော်၏ တပ်ဖွဲ့များက အဆိုပါဒေသအတွင်း ရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

## သီရိလင်္ကာနိုင်ငံ၌ ဆိုးရွားသည့်ရာသီဥတုဒဏ် ခံစားရသည့်လူပေါင်း ၃၁၀၀၀ ကျော်ရှိ

**ကိုလံဘို မေ ၂၄**

သီရိလင်္ကာနိုင်ငံ၌ နိုင်ငံတစ်ဝန်းပျံ့နှံ့ဖြစ်ပေါ်နေသောဆိုးရွားသည့် ရာသီဥတုဒဏ်ခံစားရသည့် လူပေါင်း ၃၁၀၀၀ ကျော်ရှိသည်ဟု အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုစင်တာ(ဒီအမ်စီ)က မေ ၂၄ ရက်တွင် ပြောသည်။

မိသားစုပေါင်း ၇၉၈၃ မှ လူပေါင်း ၃၁၀၇၂ မှာ လက်ရှိ ဆိုးရွားသည့်ရာသီဥတုဒဏ်ကို ခံစားနေရကြောင်း အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုစင်တာက ပြောသည်။ ဂမ်ပါဟာခရိုင်မှ ထိခိုက်ခံစားရသူဦးရေမှာ အများဆုံးဖြစ်ပြီး မိသားစုပေါင်း ၃၉၅၀ မှ လူပေါင်း ၁၅၃၁၃ ဦးမှာ ရာသီဥတုဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသည်။ အဆိုပါခရိုင်တွင်သေဆုံးသူ တစ်ဦးရှိသည်။ သဘာဝဘေးအန္တရာယ် အခြေအနေကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသည့် အိမ်အရေအတွက်မှာ ၈၅၉ လုံးရှိသည်ဟု ဒီအမ်စီ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

လက်ရှိတွင် ဘေးကင်းရာနေရာ ၁၈ ခုကို ဖွင့်လှစ်ထားပြီး အဆိုပါနေရာများတွင် မိသားစုပေါင်း ၄၄၆ စုမှ လူပေါင်း ၁၇၂၄ ဦး ကိုခိုလှုံရာနေရာများ ပေးထားသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

သီရိလင်္ကာနိုင်ငံသည် လက်ရှိတွင် အနောက်တောင်မုတ်သုံလေ ဝင်ရောက်သည့်ကာလနှင့် ကြုံတွေ့နေရပြီး အဆိုပါရာသီဥတုကြောင့် မကြာသေးမီ ရက်ပိုင်းများအတွင်း မိုးသည်းထန်စွာရွာသွန်းမှုနှင့် လေပြင်းများတိုက်ခတ်မှုတို့ ဖြစ်ပေါ်ခဲ့သည်။

ဆင်ဟွာ




## ဖိလစ်ပိုင်နိုင်ငံ၌ ဆောက်လက်စအဆောက်အအုံ ပြိုကျမှုကြောင့် လူပေါင်း ၃၀ ထက်မနည်း ပိတ်မိနေ

**မနီလာ မေ ၂၄**

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း ပမ်ပန်ဂါပြည်နယ် အန်ဂျလိစ်မြို့၌ မေ ၂၄ ရက် နံနက်အစောပိုင်းက ဆောက်လက်စ ကိုးထပ်အဆောက်အအုံတစ်လုံး ပြိုကျမှုဖြစ်ပွားရာ လူပေါင်း ၃၀ ထက်မနည်း ပိတ်မိနေကြောင်း မြို့တော်ပြန်ကြားရေးရုံး၏ ပြောကြားချက်ကို ဒေသတွင်းမီဒီယာများတွင် ကိုးကားဖော်ပြထားသည်။

အန်ဂျလိစ်မြို့တော် ပြန်ကြားရေးရုံးက ယင်းအဆောက်အအုံပြိုကျမှုမှာ မေ ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၃ နာရီဝန်းကျင်တွင်ဖြစ်ကြောင်း ပြောသည်။ အဆောက်အအုံပြိုကျမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၂၀ ကျော်ကို ကယ်တင်ထားပြီးဖြစ်ကြောင်းနှင့် ပြိုကျအဆောက်အအုံနေရာတွင် ပိတ်မိနေသူ ၃၀ မှ ၄၀ အထိရှိနေသေးကြောင်း သိရသည်။

မေ ၂၃ ရက်ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုများနှင့် လေပြင်းတိုက်ခတ်မှုများဖြစ်ပွားပြီးနောက် ယင်းအဆောက်အအုံပြိုကျမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒေသတွင်း မိုးလေဝသဌာန၏ ထုတ်ပြန်ချက်အရ မေ ၂၃ ရက် ည ၇ နာရီမှ ၈ နာရီအထိ အန်ဂျလိစ်မြို့တွင် မိုးရေချိန် ၄၄ မီလီမီတာအထိ ရွာသွန်းခဲ့ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေဆဲဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

## လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီရန်ပုံငွေ လျော့နည်းလာသည့်အတွက် သန်းနှင့်ချီသည့် အာဖဂန်ပြည်သူများ အကူအညီများဆက်လက်လိုအပ်

**ကဘူးလ် မေ ၂၄**

ယခုနှစ် ပထမသုံးလအတွင်း အာဖဂန်နစ္စတန်နိုင်ငံရှိလူပေါင်း ၂၁ ဒသမ ၉သန်းမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ကဏ္ဍအသီးသီး၌လိုအပ်လျက်ရှိသည်ဟု ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးမှူးရုံး ( OCHA) က အစီရင်ခံတင်ပြခဲ့ကြောင်း ပြည်တွင်းသတင်းဌာနဖြစ်သည့် တိုလိုနယူးစ်တွင် မေ ၂၄ ရက်က ဖော်ပြထားသည်။

အဆိုပါ အစီရင်ခံစာအရ (OCHA) သည် မူလက လူပေါင်း ၁၇ ဒသမ ၅ သန်းကို ကူညီထောက်ပံ့ရန် စီစဉ်ခဲ့သော်လည်း ၄ ဒသမ ၇ သန်းဆီသာ အကူအညီရောက်ရှိခဲ့ကြောင်း၊ အဆိုပါပမာဏမှာ ပစ်မှတ်ထားသည့်လူဦးရေ၏ ၂၇ ရာခိုင်နှုန်းသာရှိကြောင်း ဖော်ပြထားသည်။ နိုင်ငံတစ်ဝန်းအကူအညီလိုအပ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ လိုအပ်သည်ဟု အေဂျင်စီကပြောသည်။ သို့သော်လည်း ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၉၅ သန်းသာ ယခုအချိန်အထိ ရရှိထားသေးသည်။



အကူအညီလက်ခံရရှိသူများအနက် ကလေး ၄၉ ရာခိုင်နှုန်း၊ အမျိုးသမီး ၃၀ ရာခိုင်နှုန်းနှင့် ကျန်ရှိသော ၂၁ ရာခိုင်နှုန်းမှာ အမျိုးသားများဖြစ်ကြောင်း အစီရင်ခံစာတွင် ထပ်မံဖော်ပြထားသည်။ ရန်ပုံငွေလျော့ကျမှုဆက်လက်ဖြစ်ပေါ်နေခြင်းသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီလုပ်ငန်းများ လုပ်ဆောင်ရာတွင် အဓိကစိန်ခေါ်မှုကြီးအဖြစ် ရှိနေကြောင်းနှင့် နိုင်ငံတစ်ဝန်းရှိ အကူအညီလိုအပ်နေသည့် သန်းနှင့်ချီသည့် ပြည်သူများအတွက် အကန့်အသတ်ဖြင့်သာ အကူအညီရောက် ရှိနိုင်ကြောင်း ဖော်ပြထားသည်။

ဆင်ဟွာ

## လူမှုရေးပင်စင်ထောက်ပံ့ခြင်းအစီအစဉ် အသိပေးနှိုးဆော်ခြင်း

၁၉၄၁ ခုနှစ်၊ ဧပြီလ ၁ ရက် (၁၃၀၂ ခုနှစ်၊ ဦးတန်ခူး လဆန်း ၆ ရက်) မတိုင်မီ မွေးဖွားခဲ့သည့် အသက်(၈၅)နှစ်ပြည့်ပြီးသော သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် လူမှုရေးပင်စင်အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက် / ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာ လူမှုဝန်ထမ်းရုံးများသို့ (၃၁-၅-၂၀၂၆)ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ပါသည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အကျိုးခံစားခွင့်ရှိသူများအား ၃ လပတ် ၂ ကြိမ် (၆)လစာ ထောက်ပံ့သွားမည်ဖြစ်ပါကြောင်းနှင့် ယခုနှစ်မှစတင်ပြီး ဖုန်းသို့ငွေလွှဲခြင်းဖြင့် ထောက်ပံ့မည်ဖြစ်ပါ၍ ထုတ်ယူလိုသည့် ငွေလွှဲဝန်ဆောင်မှုများအား မိမိတို့၏ လက်ကိုင်ဖုန်းများတွင် ဖွင့်လှစ်ထားပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ထောက်ပံ့ခြင်းအစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်းဦးစီးဌာန Help Line ဖုန်းနံပါတ် 1566 ၊ 09-889900033 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း(MCCT)အစီအစဉ် အသိပေးနှိုးဆော်ခြင်း

တိုင်းဒေသကြီး/ပြည်နယ် (၇)ခုဖြစ်သော ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ **၂၀၂၆ ခုနှစ်၊ မေလ ၂၆ ရက်နေ့**အထိ ကိုယ်ဝန်ဆောင်အဖြစ်ရှိနေသူများအနေဖြင့် MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာ လူမှုဝန်ထမ်းရုံးများသို့ (၃၁-၅-၂၀၂၆)ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ပါသည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အကျိုးခံစားခွင့်ရှိသူများအား ၃ လပတ် ၂ ကြိမ် (၆)လစာ ထောက်ပံ့သွားမည်ဖြစ်ပါကြောင်းနှင့် ယခုနှစ်မှစတင်ပြီး ဖုန်းသို့ငွေလွှဲခြင်းဖြင့် ထောက်ပံ့မည်ဖြစ်ပါ၍ ထုတ်ယူလိုသည့် ငွေလွှဲဝန်ဆောင်မှုများအား မိမိတို့၏ လက်ကိုင်ဖုန်းများတွင် ဖွင့်လှစ်ထားပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ထောက်ပံ့ခြင်းအစီအစဉ်နှင့် ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်းဦးစီးဌာန Help Line ဖုန်းနံပါတ် 1566၊ 09-889900077 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## လေပြင်းဘေး ကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံအရပ်ရပ်တွင် နွေဦးရာသီနှင့် နွေရာသီကာလများတွင် နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပျံတက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိပါသည်။ အဆိုပါ ရာသီဥတုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ လွန်ခဲ့သော (၁၁) နှစ်တာ ကာလအတွင်း လေပြင်းတိုက်ခတ်မှုများကြောင့် စုစုပေါင်းနေအိမ် ၂၅၄၁၀၀ ကျော် ပျက်စီးခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးမှုအများဆုံးဖြစ်ခဲ့ပြီး လူသေဆုံးမှု ထိခိုက်၊ ဒဏ်ရာရရှိမှုများလည်း ရှိခဲ့ပါသည်။

၃။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် လေပြင်းတိုက်ခတ်ပါက အမိုးလန်ခြင်း၊ ယိုင်လဲပျက်စီးခြင်းများ ဖြစ်ပေါ်နိုင်သော ခိုင်ခံ့မှုအားနည်းသည့် နေအိမ်များကို ဦးစားပေးရွေးချယ်ကာ လေပြင်းဒဏ်ပိုမိုခံနိုင်ရည်ရှိသော အိုးအိမ်များဖြစ်စေရေး အားဖြည့်၊ မွမ်းမံ၊ ပြင်ဆင်ခြင်းကို ဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၄။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ (၈)နှစ်တာကာလအတွင်း နေအိမ်ပေါင်း ၈၆၀၀၀ ကျော်ကို လေပြင်းဒဏ်ခံနိုင်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ နှစ်စဉ်လေပြင်းဘေး ကျရောက်နိုင်သော ဆောင်းအကုန်နွေအကူးကာလမှစ၍ မုတ်သုံမတိုင်မီကာလတွင် နေအိမ်များ လေပြင်းဒဏ်ခံနိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် လေပြင်းဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၅။ ပြည်သူများအနေဖြင့်လည်း အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဆောက်လုပ်ထားပြီးသောနေအိမ်များအတွက်**

(၁) မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။

(၂) လေပြင်းဒဏ်ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

(၃) သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/ သက်ငယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာအုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။

(၄) အိမ်အကာအရံများ၊ တံခါးများ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။ အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

**(ခ) အသစ်တည်ဆောက်မည့် အိမ်များဖြစ်ပါက**

(၁) အိမ်တိုင်များကို မြေဝင်အနည်းဆုံး နှစ်ပေခွဲ (လက်မောင်းတစ်ဆုံး)အထိ တူးစိုက်ပါ။

(၂) အိမ်တိုင်စိုက်ပြီးပါက တွင်းကို သဲ သို့မဟုတ် သဲပါသော မြေကြီးထည့်၍ ကျပ်ပါ။

(၃) အိမ်တိုင်အလွယ်တကူ ကျွတ်ထွက်မသွားနိုင်ရန် အိမ်တိုင်အောက်ခြေ မြေဝင်ပိုင်းတွင် စို့သံကြိုးကြီးနှင့်ဖြစ်စေ၊ ကန့်လန့်သစ်သားတန်း သို့မဟုတ် သပ်ချောင်းနှင့်ဖြစ်စေ ရိုက်ပြီးမှ တိုင်စိုက်ပါ။

(၄) အုတ်ဖိနပ်အသုံးပြုပါက မြေကြီးထဲသို့ အုတ်ဖိနပ်အမြင့်၏ ၃ ပုံ ၂ ပုံထိ မြှုပ်၍ တည်ဆောက်ပါ။ မြေဝင်နက်နက်နှင့် ခိုင်မြဲစွာစိုက်ထူရန် အိမ်တိုင်နှင့် အုတ်ဖိနပ်အား ဇာဝီနှင့် မူလီအသုံးပြု၍ စနစ်တကျ တပ်ဆင်ပါ။

(၅) လေဒဏ်ခံရမှုမှ သက်သာစေရန် မိမိအိမ်၏ တိုသော မျက်နှာစာကို လေပြင်းလာတတ်သည့်ဘက်သို့ မျက်နှာမူ၍ ဆောက်လုပ်ပါ။

(၆) လေဒဏ်ကြောင့် အိမ်ခေါင်မိုးပြုတ်မထွက်စေရန်နှင့် အမိုးလွင့်စဉ်ခြင်းမှ ကာကွယ်နိုင်ရန် ခေါင်မိုးများ၏ အမိုးစောင်းများကို ၃၀ ဒီဂရီ သို့မဟုတ် လက်သမားအခေါ်လက်မအချိုးအနည်းဆုံးထားပါ။ တံစက်မြိတ်၏ အစွန်းများကိုလည်း ၁၈ လက်မ (တစ်တောင်)ထက် ပိုမထွက်အောင် ဆောက်လုပ်ပါ။

(၇) သွပ်ပြားမိုးရာတွင် လေဒဏ်ကြောင့် လွင့်စဉ်ခြင်း၊ မိုးရေယိုစိမ့်ခြင်းမှ ကာကွယ်ရန် သွပ်သံကို အပေါ် ဘက်ခုံးနေသောနေရာတွင် တစ်ခုံးကျော် ရိုက်ပါ။

(၈) သက်ငယ်မိုးရာတွင် တစ်ချပ်နှင့်တစ်ချပ် ၄ လက်မ ခန့်ခြား၍ နီးဖြင့်ခိုင်ခိုင်တုပ်ပြီး ထူထူမိုးပါ။

(၉) အိမ်ခေါင်မိုး၊ ကိုယ်ထည်၊ ကြမ်းပြင်၊ အိမ်တိုင်များကို မြေကြီးအထိ တစ်ခုနှင့်တစ်ခု တစ်ဆက်တစ်စပ်တည်း စနစ်တကျ ချိတ်ဆက်ထားပါ။ နေအိမ်ရဲ့ တိုင်၊ ရက်မနှင့် ဆင့်များအား မူလီဖြင့် သေချာစွာ တွဲဆက်ထားပါ။

(၁၀) အိမ်နံရံများတွင် ခိုင်ခံ့သော ထောက်တန်းများ ထည့်၍ အိမ်ကိုယ်ထည် မစောင်း၊ မရွေ့၊ လည်မထွက်သွားစေရန် ဆောက်လုပ်ပါ။

၆။ လေပြင်းတိုက်ခတ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

(က) လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်အတူ လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။

(ခ) တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းပေါက်များအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

(ဂ) လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့) ခိုင်ခံ့သော အရာဝတ္ထုတစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။

(ဃ) အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

၇။ လေပြင်းတိုက်ခတ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်-

(က) ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။

(ခ) ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများနှင့် ဝေးရာတွင်နေထိုင်ပါ။

(ဂ) ထိခိုက်ဒဏ်ရာရရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုခံယူပါ။

(ဃ) ကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများစသည့် အကူအညီလိုအပ်သူများကို တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။

၈။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## နေ့စဉ်လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျှော့ကျစေခြင်း။
- နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါ ဖြစ်ပွားမှုကို လျှော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျှော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။

(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။

(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။

(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

**ပုသိမ် မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး၏မြို့တော် ပုသိမ်မြို့အား မြို့အင်္ဂါရပ်နှင့်အညီ



ဖြစ်စေရေး၊ မြို့သန့်ရှင်းသာယာလှပရေးတို့အတွက် ဌာနဆိုင်ရာများနှင့် ပြည်သူများပူးပေါင်းဆောင်ရွက်မှုများကို တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်ဦးသည် ယနေ့ နံနက်ပိုင်းက ပုသိမ်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း သန့်ရှင်းရေး ဆောင်ရွက်မှုများ၊ ပုသိမ်မြို့ ဇီဇဝါလမ်းနှင့် ထုံးဘိုလမ်းများရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး ရှင်းလင်းနေမှုများ၊ ပုသိမ်မြို့အဝင် ဆိုင်းဘုတ်ရှေ့ မြေယာရှုခင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## သထုံခရိုင်၌ ဒေသန္တရ စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်




**သထုံ မေ ၂၄**

မွန်ပြည်နယ် သထုံခရိုင်၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၂၀ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ပြုလုပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းအမှာစကားပြောကြားပြီး ကဏ္ဍအလိုက် တာဝန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြင်းခြံမြို့၌ အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**မြင်းခြံ မေ ၂၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းက အမှာစကားပြောကြားပြီး မြင်းခြံမြို့နယ် အခွန်ဦးစီးဌာနမှူးက မြင်းခြံမြို့ပေါ်ရှိ လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာ သိမှတ်စရာများကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဆွေးနွေးခဲ့ရာ တက်ရောက်လာသည့် လုပ်ငန်းရှင်များ၏ သိရှိလိုသည့် မေးမြန်းမှုများကို သက်ဆိုင်



ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

**ချစ်ဦးနွေ(မြင်းခြံ)**



## ထားဝယ်မြို့၌ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ စည်းဝေး

**ထားဝယ် မေ ၂၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ဌာနပေါင်းစုံငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို မေ ၂၂ရက်က တိုင်းဒေသကြီးသမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးသမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးရွှေဝင်းက နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်(ငွေလုံးငွေရင်း) ခွင့်ပြုထုတ်ပေး

**မန္တလေး မေ ၂၄**

မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးတွင် လူမှုဖူလုံရေးအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်းကို မေ ၂၂ ရက်က ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကေသီခိုင်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပန်ဒါချည်မျှင်နှင့် အထည်အချောကိုင်စက်ရုံမှ အာမခံအလုပ်သမား ဦးဇော်ဇော်အောင်၏




အလုပ်တွင် ထိခိုက်ဒဏ်ရာဖြင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေကျပ် ၄၃၂၀၀၀၀ ကို ဇနီးဖြစ်သူအား ထုတ်ပေးခဲ့သည်။

ဆက်လက်၍ မြစ်ငယ်မီးရထားမှ အာမခံအလုပ်သမား ဦးစိုးလွင်၏ အလုပ်တွင် ထိခိုက်ဒဏ်ရာရရှိမှုကြောင့် အမြဲတမ်းမသန်စွမ်းမှုနှင့် ဆိုင်သည့် အကျိုးခံစားခွင့် ငွေကျပ် ၃၄၉၂၇၂၀ ကို ဦးစိုးလွင်အား ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

## မော်လမြိုင်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ



**မော်လမြိုင် မေ ၂၄**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မုရောင်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ယနေ့နံနက်ပိုင်းက ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း(Public Talk) ကို ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တို့က အမှာစကား ပြောကြားပြီး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမျိုးအောင်က ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။ ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ကျင်းပရာ ပြည်သူ ၁၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



## ညောင်လေးပင်မြို့နယ်ရှိ စားအုန်းဆီအရောင်းဆိုင်များအား ရည်ညွှန်းဈေးနှုန်းနှင့်အညီရောင်းချရေး ကွင်းဆင်းစစ်ဆေး

**ညောင်လေးပင် မေ ၂၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ခွဲတမ်းရစားအုန်းဆီ လက်လီ လက်ကားရောင်းချလျက်ရှိသော အရောင်းဆိုင်များအား ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးမြင့်အောင်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ညောင်လေးပင်ခရိုင် စားအုန်းဆီ ဖြန့်ဖြူးရောင်းချမှုကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ရဲတပ်ဖွဲ့နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနမှ ဦးစီး၍ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်သင်တန်းကို မေ ၂၀ ရက်က အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အလုပ်သမားရေးရာဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက အမှာစကား ပြောကြားစဉ်။

တိုင်းဒေသကြီး(ပြန်/ဆက်)



တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်၌ မူခင်းလျော့နည်းကျဆင်းရေးအသိပညာပေးဟောပြောပွဲကို မေ ၂၄ ရက်က ကျင်းပရာ မြို့မရဲတပ်ဖွဲ့စခန်းမှူး ဒုရဲမှူး ထင်ပေါ်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးခိုင်တို့ ဟောပြောစဉ်။ ခရိုင် (ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များပူးပေါင်း၍ ရေစီးရေလာကောင်းမွန်စေရေးအတွက် မြို့ပေါ်ရပ်ကွက်အတွင်းရှိ ရေနုတ်မြောင်းတူးဖော်ရေးလုပ်ငန်းများကို မေ ၂၃ ရက်က ဆောင်ရွက်လျက်ရှိရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင်နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။ ရွှေသား(ပြန်/ဆက်)





စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာအခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး) အကြောင်း အကျယ်တဝင့်ရှင်းလင်းဖော်ပြတဲ့နေရာမှာ Distributive Pronouns (ခွဲဝေမှုပြနာမ်စား) အကြောင်း ဖော်ပြပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း How to talk about orders – III (အမိန့်ပေး၊ ညွှန်ကြား၊ ခိုင်းစေတာတွေကို ဘယ်လိုပြောမလဲ။)ကို ဆက်လက်ပြီး ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။ စာဖတ်ပရိသတ်အပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

## GRAMMAR

### Basic to Intermediate

**Demonstrative Pronouns (ညွှန်ပြနာမ်စား)**

**Exercise (1) မှအဖြေများ**

1.This 2.Those 3.This 4. That 5.These

6.That 7.These 8.These 9. That 10. Those

**Exercise (2) မှအဖြေများ**

**1. That 2. This 3. These 4. That 5. Those**

**6. That 7. Those 8. Those 9. This 10. That**

**Distributive Pronouns (ခွဲဝေမှုပြနာမ်စား)**

